# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း (၂)ရက် ၊ အင်္ဂါနေ့ ၊ (31-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




# ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့် လှမည့်ည"အစီအစဉ် ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့် လှမည့် ည"အစီအစဉ်ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၂)၌ ကပြဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်ဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ

**စာမျက်နှာ ၁၆ ကော်လံ ၁**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး**

စာမျက်နှာ - ၁၆

**မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်၊ ပွဲညက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်လှစ်**

စာမျက်နှာ - ၁၇

**ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ**

စာမျက်နှာ - ၁၈


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




ရတနာပုံ
၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်နိုင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်တွင်နေထိုင်ကြသည့်အနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးကိုတိုက်ရိုက်လုပ်ကိုင်ကာ ကျန်ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးကိုအခြေခံသော အခြားစီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားတို့သည် စိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးသူများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် နိုင်ငံတော်က အားထားရသည့်ထူးချွန်သော စိုက်ပျိုးရေးပညာရှင်များမွေးထုတ်ပေးကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် စားရေရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များရှိရာ ထိုလိုအပ်ချက်များကို မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော နိုင်ငံကသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားတိုးတက်နိုင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည်အရေးပါသောအချက်ဖြစ်သည်။ နိုင်ငံလူဦးရေ၏ထက်ဝက်ကျော်ကို တိုက်ရိုက်သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုနေကြသော စိုက်ပျိုးရေးကဏ္ဍအတွက် လူသားအရင်းအမြစ်များကို မဖြစ်မနေပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

မိမိနိုင်ငံ၏သီးနှံများကို နိုင်ငံတကာဈေးကွက်ဝင်စေရန် မိမိတို့၏ မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များရှိနေသည်။ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များ ရှိရမည်ဖြစ်သည်။ ထို့ကြောင့် လိုအပ်သည့်စိုက်ပျိုးရေးပညာရှင်များမွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စိုက်ပျိုးရေးကောလိပ်ကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ်ကို စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်များပြည့်စုံနေသည့် ပျဉ်းမနားမြို့နယ် ရေဆင်းဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် စတင်တည်ထောင်ချိန်မှစ၍ ယနေ့ထိ နိုင်ငံတော်က အားထားရမည့် အသိပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၇၁၉ ဦး ၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရ ဦးရေ ၇၀ နှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်ပေးခဲ့သည်။ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျစိုက်ပျိုးရေးပညာကို ကျေးလက်နေစိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရပညာရှင်များသာမက အလယ်အလတ်တန်းစိုက်ပျိုးရေးပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်း လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်ပေးသည့် ယခင်စိုက်ပျိုးရေးသိပ္ပံကျောင်းများအပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးဘာသာရပ်သင်ကြားပေးသည့် အထက်တန်းကျောင်း ၈၅ ကျောင်းကိုလည်း နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးခဲ့သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံသော မိမိတို့နိုင်ငံတွင် သီးနှံထုတ်လုပ်မှုမြင့်မားတိုးတက်စေရန်နှင့် စိုက်ပျိုးသီးနှံများ နိုင်ငံတကာဈေးကွက်ဝင်စေရန် မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များရှိသည်။ ထို့ကြောင့် အကျိုးအမြတ်များပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာစေရန် တိုးတက်လာသောစိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးသင်တန်းကျောင်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲယဉ်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာ



**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် နှမ်းနှင့် ပဲယဉ်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ပဲယဉ်းမှာ ပြည်တွင်းဈေးကွက်အတွင်းမှ ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲယဉ်းကို ကုန်သည်များ ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံး အနေအထားတွင် ရှိနေကြောင်း သိရသည်။

"နှမ်းနဲ့ ပဲယဉ်းက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

ယခု ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၀၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ပဲယဉ်းမှာလည်း အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ယနေ့ပေါက်ဈေးအရ ပဲယဉ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၈၀၀၀၊ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၁၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၉၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)၂၂၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၂၂၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) လျာထားဧက ၂၅၀၀ ကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၂၂၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများအနေဖြင့် တောင်သူများကိုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ခင်းတွေကို အထွက်နှုန်းကောင်းမွန်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်တောင်သူများ အနေဖြင့် စိုက်ပျိုးဧက တိုးချဲ့စိုက်ပျိုးနိုင်ပါက ဓာတ်မြေဩဇာအသုံးပြုရမှု လျော့နည်းကျဆင်းလာမည်ဖြစ်ပြီး သွင်းအားစု ကုန်ကျစရိတ်များ သက်သာလာခြင်းကြောင့် နိုင်ငံအတွင်း ဖူလုံစေပြီး ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ယခုထက်ပိုမို စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဝမြို့နယ် ခနီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကဝ ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ခနီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက ခနီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၉၀၀၊ အကျယ်သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်းသိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း၊ ယခင်ကထက် လူနေမှုအဆင့်အတန်းပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်ထံမှ သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးစိုင်းအောင်ခမ်း-ဒေါ်နန်းယုံမိသားစုက ဆွမ်းအလှူငွေကျပ် ၄၇၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆွမ်းကွမ်းဥက္ကဋ္ဌ ဦးတင်သန်းနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ကေခိုင်ထံမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးဖယ်များကို စနစ်တကျစစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးဖယ် ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးဖယ်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလ ပထမပတ်က ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ တစ်လအတွင်း ငါးဖယ်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဇင်ဘာလထဲမှာပါ ငါးဖယ်တွေ မှာယူမှုများပြားနေပါတယ်။ အခုလို ငါးတွေကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်များ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ငါးခြောက်လုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ကော့သောင်း ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု ဘန်းကချွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘန်းကချွန်ကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်းအသုံးပြုပြီး အကျယ် ခြောက်ပေ၊ အနက် ၂၅ ပေရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၁၂ အိမ်၊ လူဦးရေ ၁၂၇၃ ဦးတို့နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေကိုဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ကော့သောင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းထံမှ သိရသည်။

**နွဲ့ယဉ်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၇၈၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၇၈၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၁၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး နှမ်း ၁၅၂၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ဒီဇင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိဧက ၇၈၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၁၂၁၄၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးပြီးစီးမှုအနေနဲ့ ၁၅၂၉၂ ဧက စိုက်ပျိုးနိုင်ခဲ့လို့ သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင် ခဲ့ပါ တယ်။ ဒီနေ့ထိ နှမ်းဧက ၇၈၅၀ ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ နှမ်းအထွက်နှုန်းအနေနဲ့တစ်ဧကကို ၈ ဒသမ ၆၈ တင်းခန့် ထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါကကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း-၁၉)

ပါမောက္ခကိုကိုအောင်



မြေဆီလွှာအတွင်း၌ မှီတင်းနေထိုင်ကြသော သက်ရှိများစွာတို့အနက် အပင်ကို ဖျက်ဆီးတတ်သော၊ သက်ရှိတို့မှာ အမျိုးအစားအားဖြင့် အလွန်နည်းပါးကြပြီး အပင်ကိုအကျိုးပြုသော သက်ရှိတို့က အမျိုးအစားအားဖြင့် အလွန်များပြားကြသည်။ စိုက်ပျိုးတောင်သူတို့က ၎င်းတို့စိုက်ပျိုးသော ကောက်ပဲသီးနှံနှင့် အပင်မျိုးစုံတို့က အဆင်ပြေချောမွေ့စွာ ပေါက်ရောက်ရှင်သန် ကြီးထွားဖွံ့ဖြိုးနေကြချိန်၌ မြေဆီလွှာအတွင်းရှိ သက်ရှိတို့၏ ဆောင်ရွက်ပေးနေမှုများနှင့် စွမ်းဆောင်ရည်တို့ကို မေ့မေ့လျော့လျော့ ရှိနေကြသည်။

မြေဆီလွှာ၏ အပေါ်ယံတွင်ရှိသည့် ဆွေးမြည့်နေသော အပင်များနှင့်ပုပ်နေသော တိရစ္ဆာန်တို့၏ တစ်ရှူးများကို မြေတွင်းသက်ရှိတို့က မြေဆီလွှာအတွက် အဖိုးတန်ပစ္စည်းများဖြစ်လာအောင် ပြုပြင်ပြောင်းလဲပေးကြသည်။ ဤနည်းအားဖြင့် မြေတွင်းသက်ရှိတို့သည် မြေဆီလွှာ၌ အညစ်အကြေးများ ကင်းစင်သွားအောင် စွမ်းဆောင်ပေးကြသည်။ အလားတူပင် မြေဆီလွှာအတွင်းသို့ လေကိုဝင်ရောက်စေပြီး အပင်များနှင့်သင့်လျော်သော ပတ်ဝန်းကျင်အခြေအနေဖြစ်အောင်လည်း ပြုလုပ်ပေးကြသည်။ ပတ်ဝန်းကျင်သန့်ပြန့်ခြင်းမရှိပါက လူတို့ကဲ့သို့ပင် အပင်များ၌လည်း ရောဂါများကျရောက်ဖြစ်ပွားတတ်ကြသည်။

အပင်ကို အကျိုးပြုနေကြသော မြေတွင်းသက်ရှိတို့သည် အခြားအရေးကြီးသော လုပ်ငန်းစဉ်များ ဖြစ်ကြသည့် လေထုထဲက နိုက်ထရိုဂျင်ကို ဖမ်းယူပြီး မြေဆီလွှာ၌ဖြည့်စွက်ပေးခြင်း၊ ကာဘွန်ဒိုင်အောက်ဆိုက်ကို ထုတ်လုပ်ပေးခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက် ရှိနေကြသည်။ ကာဘွန်ဒိုင်အောက်ဆိုက်သည် ရေထဲ၌ပျော်ဝင်သွားသည့်အခါ အောက်ဆီဂျင်နှင့် ရေတို့၏ အစွမ်းသတ္တိကို ပိုမိုထက်မြက်လာစေသည်။ ရှုပ်ထွေးစွာ ဖွဲ့စည်းထားသော အော်ဂဲနစ်ဒြပ်ပေါင်းများနှင့် တွင်းထွက်ဒြပ်ပေါင်းများကို ဖြိုခွဲပေးပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးကြီးသော အပြင်စာများကိုလည်း ထုတ်လုပ်ပေးကြသည်။

ရှုပ်ထွေးစွာဖွဲ့စည်းထားသော ဒြပ်ပေါင်းများကို ဖြိုခွဲရာ၌ အငယ်စားသက်ရှိများ မပါဝင်ပါက မပြီးစီးနိုင်ပေ။ မြေဆီလွှာအတွင်း၌ မှီတင်းရှင်သန်နေထိုင်ပေါက်ပွားကြသော မြေတွင်းသက်ရှိများ မရှိခဲ့လျှင် အပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များအဖို့ ကာလကြာရှည်စွာ ရှင်သန်နေထိုင်ကြမည် မဟုတ်ပေ။ အကြောင်းမူကား အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များက ဒြပ်ပေါင်းများကို ဖန်တီးတည်ဆောက်ကြသူများ ဖြစ်ကြပြီး မြေတွင်းသက်ရှိခေါ် အငယ်စား သက်ရှိတို့ကမူ ဒြပ်ပေါင်းများကို ဖြိုခွဲပေးကြသူများ ဖြစ်သောကြောင့်ပင်တည်း။

**ဒြပ်ပေါင်းများကို ဖန်တီးတည်ဆောက်ကြသူများသာလျှင်ရှိပြီး ၎င်းဒြပ်ပေါင်းများကို ဖြိုခွဲပေးမည့်သူများမရှိပါက အပင်များအဖို့ လိုအပ်သောအစာကို မည်သည့်နည်းနှင့်မျှ ရနိုင်မည်မဟုတ်ပေ။ အစာ မရခဲ့လျှင် အပင်များသည်လည်းကောင်း၊ တိရစ္ဆာန်တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း သေကျေပျက်စီးသွားကြလိမ့်မည် ဖြစ်သည်။ မြေတွင်းသက်ရှိခေါ် အငယ်စားသက်ရှိတို့သည် ဒြပ်ပေါင်းများကို စဉ်ဆက်မပြတ် ဖြိုခွဲပေးရကြခြင်းအားဖြင့် ရုက္ခလောကကိုသာမက သတ္တလောကကြီးကိုပါ ရှင်သန်ဖွံ့ဖြိုးနေအောင်၊ တည်တံ့နေအောင် စွမ်းဆောင်ပေးနေကြသည်။ ဤသည်ကား သဘာဝလောကကြီး၏ အံ့ချီးဖွယ်ရာပင်တည်း။**

မြေဆီလွှာအတွင်းရှိ အငယ်စားသက်ရှိများအနက် အရေအတွက်အများဆုံးမှာ ဗက်တီးရီးယားများ ဖြစ်ကြသည်။ ဗက်တီးရီးယားတို့သည် မြေဆီလွှာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုတွင် အရေးအကြီးဆုံးအရာများလည်း ဖြစ်ကြသည်။ ၎င်းသက်ရှိကလေးများသည် ရိုးရိုးဆဲလ်ကလေးများသာ ဖြစ်ကြပြီး အပင်လောက၌ အဆင့်အတန်းအနိမ့်ဆုံးဖြစ်သည်။ သက်ရှိဟုခေါ်ဆိုနိုင်ခြင်းမှာ အတွင်း၌ ပရိုတိုပလာဇမ်တို့ဖြင့် ပြည့်နှက်လျက်ရှိသောကြောင့် ဖြစ်သည်။

သိပ္ပံပညာလောက၌ သက်ရှိနှင့် သက်မဲ့ကို ခွဲခြားရာ၌ ပရိုတိုပလာဇမ် ပါဝင်မှု ရှိ၊ မရှိဖြင့် ဆုံးဖြတ်ရသည်။ များသောအားဖြင့် တုတ်ချောင်းပုံသဏ္ဌာန်ရှိနေကြသော ဗက်တီးရီးယားတို့သည် ပရိုတိုပလာဇမ်တို့ဖြင့် ပြည့်နှက်နေကြသောကြောင့် အငယ်စားသက်ရှိများအဖြစ် သတ်မှတ်ခြင်းခံကြရသည်။ အတိုင်းအဆအားဖြင့် အလွန်သေးငယ်လှသော အပ်ထိပ်ဖျားပေါ်၌ ဗက်တီးရီးယားအကောင်ရေ ရာပေါင်းများစွာ ရှိနေနိုင်ကြသည်ဖြစ်ရာ၊ သာမန်အားဖြင့် မြေဆီလွှာအလေးအချိန် တစ်ပေါင်တွင် ဗက်တီးရီးယားများ၏ ကောင်ရေပမာဏက ကုဋေကုဋာမက များပြားစွာပါဝင်လျက်ရှိနေကြသည်။

ဗက်တီးရီးယားတို့သည် အပင်ငယ်ကလေးများပင်ဖြစ်ကြသောကြောင့် အဆင့်အတန်းမြင့်သော အပင်များ ကြီးထွားဖွံ့ဖြိုးရန် လိုအပ်ချက်များအားလုံးနီးပါးကို လိုအပ်ကြသည်။ သာမန်အပင်တို့အဖို့ ရှင်သန်ကြီးထွားဖွံ့ဖြိုးရန်အတွက် မြေသြဇာ၊ လေ၊ အပူ၊ ရေနှင့် အစာတို့ လိုအပ်သကဲ့သို့ပင် ဗက်တီးရီးယားတို့ကလည်း ထိုအရာများကို မဖြစ်မနေလိုအပ်ကြသည်။ သာမန်အပင်တို့က နေရောင်ခြည်ကို ကြိုက်နှစ်သက်ကြသော်လည်း ဗက်တီးရီးယားတို့က နေရောင်ခြည်ကို မလိုအပ်ပေ။

နေရောင်ခြည်ကဲ့သို့သော အလင်းဓာတ်သည် မြေတွင်းဗက်တီးရီးယားတို့ကို သေကျေစေနိုင်သည်ဖြစ်၍ ၎င်းဗက်တီးရီးယားတို့က မှောင်အတိကျနေသော မြေဆီလွှာထဲ၌ နေထိုင်ကြကာ ၎င်းတို့၏ ရှင်သန်ရပ်တည်မှု ဘဝယန္တရားကို လည်ပတ်စေလျက်ရှိနေကြသည်။ သာမန်အပင်တို့ကဲ့သို့ နေရောင်ခြည်ကိုတုံ့ပြန်ခြင်းမပြုကြသော ဗက်တီးရီးယားတို့သည် နက်သည်ထက်နက်သော မြေဆီလွှာထဲသို့ ထိုးဖောက်ဝင်ရောက်ကာ သာမန်အပင်များ အသက်မရှင်နိုင်သော နေရာများ၌ နေထိုင်ကြပြီး ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိနေကြသည်။

များသောအားဖြင့် မြေဆီလွှာအတွင်းရှိ စွတ်စိုသောနေရာများ၌ တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာလေ့ရှိကြသော ဗက်တီးရီးယားတို့သည် တစ်ခါတစ်ရံ၌မူ သင့်တင့်လျောက်ပတ်သောနေရာများ၌ အစုလိုက်အပြုံလိုက် ပေါင်းစုနေထိုင်လေ့ရှိကြသည်။ သာမန်အပင်များကဲ့သို့ပင် ဗက်တီးရီးယားတို့သည် အစာကို မြေဆီလွှာနှင့်လေတို့မှ ရရှိကြသည်။ ဗက်တီးရီးယားတို့အဖို့ ၎င်းတို့၏ လုပ်ငန်းကို အစွမ်းကုန်ဆောင်ရွက်နိုင်ရန်အတွက် အကောင်းဆုံးအခြေအနေမှာ အလင်းရောင်(နေရောင်ခြည်)မှလွဲ၍ ကျန်အားလုံးမှာ အဆင့်အတန်းမြင့်သောအပင်များနှင့်အတူတူပင်ဖြစ်သည်။

ထိုအချက်သည် စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့အတွက် ကံကောင်းထောက်မစွာဖြင့် အားသာစေသောအချက်ပင်ဖြစ်သည်။ စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့အဖို့ မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံပင်များအတွက် လေ၊ အပူ၊ ရေငွေ့နှင့် အစာတို့ကို အလုံအလောက် စီစဉ်ပေးခြင်းအားဖြင့် မြေတွင်းသက်ရှိများဖြစ်သည့် ဗက်တီးရီးယားတို့၏ လိုအပ်ချက်အားလုံးကိုလည်း တစ်ပါတည်း စီစဉ်ပေးရာရောက်ပြီး ဖြစ်နေသည်။ အဆင့်အတန်းမြင့်သော သာမန်အပင်များအတွက် သင့်တင့်လျောက်ပတ်သော အခြေအနေများသည် ဗက်တီးရီးယားအတွက်လည်း သင့်လျော်သော အခြေအနေကောင်းပင်ဖြစ်သည်။

မြေတွင်းသက်ရှိများဖြစ်သည့် ဗက်တီးရီးယားတို့က ၎င်းတို့၏ လုပ်မြဲလုပ်ငန်းစဉ်များစွာကို ဆောင်ရွက်နိုင်ကြစေရန်အတွက် ပြုပြင်ဆောင်ရွက်ပေးရမည့်အစီအမံများမှာ စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့၏ လုပ်ရိုးလုပ်စဉ်နည်းလမ်းများဖြစ်ကြသော ထွန်ရေးနက်နက်ညက်အောင် ထွန်ခြင်း၊ မြေဆီလွှာအတွင်းရှိ ရေလွှတ်ရေပိုများကို စီးထွက်သွားစေခြင်း၊ မြေဆီလွှာနှင့် အသင့်လျော်ဆုံးသော မြေတွင်းရေမြွေးပမာဏကို ထိန်းသိမ်းပေးထားခြင်း၊ မြေဆီလွှာအတွင်း၌ အော်ဂဲနစ်ပစ္စည်းများစွာတို့ကိုရှိနေစေခြင်း စသောလုပ်ငန်းစဉ်များပင်ဖြစ်သည်။

မြေဆီလွှာအတွင်းသို့ ထုံးထည့်ပေးခြင်းသည်လည်း မြေဆီလွှာအတွင်းရှိ အချဉ်ဓာတ်(အက်စစ်ဓာတ်)ကို ပျက်ပြယ်စေသလိုပင် ဗက်တီးရီးယားတို့ကိုအန္တရာယ်ပြုသော ပစ္စည်းများကိုလည်း သုတ်သင်ရှင်းလင်းပေးလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၅၅၈၃ ကေစိုက်ပျိုးပြီးစီး

ခင်ဦး ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၅၈၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၁၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၅၅၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်း ၅၁၂၆ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၅၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်စေရေး၊ အထွက်နှုန်းတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ သီးနှံများအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက စားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။



(၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၃၉၁၀ စိုက်ပျိုးပြီးစီး



**မော်လိုက် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၃၉၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာယနေ့ထိ ဧက ၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၃၉၀၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးထားပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး နည်းပညာများ ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပါက စားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍သိရသည်။ (၂၀၆)

## ချောက်မြို့နယ် ကြီးနီခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောက် ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် ကြီးနီခေတ်မီစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုတာဝန်ရှိသူများက ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကြီးနီခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေများ အသုံးပြု၍ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နွားမွေးမြူရေးလုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ချောက်မြို့နယ် ကြီးနီခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်း ပံ့ပိုးရန်ပုံငွေများဖြင့် နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အစုအဖွဲ့ လေးဖွဲ့၊ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အစုအဖွဲ့ နှစ်ဖွဲ့၊ စုစုပေါင်းအစုအဖွဲ့ ခြောက်ဖွဲ့ဖြင့် လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ချောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

## ဆောင်းနှင့်အပြိုင် ပွင့်ပန်းမြိုင်

– ဂေါ်သဇင် ခိုင်ညွှာဆင့်
ကြိုင်စွာတင့် ပွင့်ငုံစီ၊
ဂမုန်းလှိုင် တူပြိုင်ဝင့်
ဖူးပွင့်စုံညီ၊
ခွာညိုနံ့ သင်းကြည်ကြည်
နှင်းငွေရည် ခြယ်လူး၊
ရပ်လုံးကြိုင် ဆောင်တော်ကူး
ထူးတင့်ပွင့်ဖူး။

– ပွင့်ပန်းမြိုင် ပန်းစုံလှ
ချမ်းမြမြ ဆောင်းခါညီ၊
မြောက်ပြန်လေ မြူးဆော့ခွင်း
ဆောင်ကြဉ်းနှောင်ချည်၊
သာစွတည့် လရာသီ
မိဂသီ ယှဉ်ပြိုင်ခ
စာပေပန်းများ ပျံ့ထုံကြည်
ရနံ့စုံညီ သင်းကြူမြ၊
ဆောင်းနှင့်အပြိုင်
ပျံ့သင်းလှိုင် ပန်းစုံမွေးပါဘိ
ဖြန့်ထွေးခြုံ ပြည်ရွာအဝန်းမှာဖြင့်
စာပန်းရုံ ဝတ်မှုန်ကမ်းလို့ရယ်
ဆင်မြန်းခြယ် ပွင့်စုံဟပ်သနဲ့
မြတ်စာဆို ဂုဏ်ရည်ထူးကို
ဦးညွှတ်ကာ ဖော်ကျူးဆင့်ပြန်ပေါ့
သဇင်ခိုင် ဖူးမြိုင်ဝင့်လေတဲ့
နှင်းပွင့်ဝေ သည်ချိန်တွင်းမှာ
ပွဲတင့်ရင်းလှ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်
ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## မဟာဗျူဟာလက်နက်ဖြန့်ကြက်မှု ယာယီရပ်ဆိုင်းထားခြင်းကို ရုရှားနိုင်ငံ အဆုံးသတ်မည်

မော်စကို ဒီဇင်ဘာ ၃၀

ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားထိပ်ဖူးတပ်ဆောင်နိုင်သည့် တာလတ်ပစ်နှင့်တာတိုပစ်ဒုံးကျည်များဖြန့်ကြက်မှုအား ယာယီရပ်တန့်ထားမှုကို အဆုံးသတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အနေဖြင့် အဆိုပါဒုံးကျည်လက်နက် အမျိုးအစားများကို ကမ္ဘာတစ်ဝန်း၌ ဖြန့်ကြက်နေမှုကြောင့် မိမိတို့သည်လည်း ၎င်းလက်နက်အမျိုးအစားများကို ပြန်လည်ဖြန့်ကြက်နိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်၏ အဆိုပါပြောကြားချက်သည် ရုရှားနိုင်ငံအနေဖြင့် စစ်အေးတိုက်ပွဲ ကာလအတွင်း ရယူထားသည့် မဟာဗျူဟာလက်နက်များ ထိန်းချုပ်ရေးသဘောတူစာချုပ်၏ လက်ကျန်ပြဋ္ဌာန်းချက်မှန်သမျှ လိုက်နာမှုများအားအဆုံးသတ်ရန် ရည်ရွယ်ထားသည့်သဘောကို ပြသလျက်ရှိသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ၂၀၁၀ ပြည့်နှစ်တွင် ရယူခဲ့သော မဟာဗျူဟာလက်နက်များ ထိန်းချုပ်ရေးစာချုပ်သစ် (New START)သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

သို့ရာတွင် မိမိတို့အနေဖြင့် မဟာဗျူဟာမြောက် တာလတ်ပစ်နှင့် တာတိုပစ်ဒုံးကျည်များနေရာချဖြန့်ကြက်မှု ယာယီရပ်ဆိုင်းထားမှုကို လက်ရှိအခြေအနေများအရ စွန့်လွှတ်ရလိမ့်မည် ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ဒီဇင်ဘာ ၂၉ ရက်တွင်ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ယူကရိန်းပြဿနာကြောင့် အတင်းမာဆုံး အနေအထားသို့ ရောက်ရှိနေကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ အသက် ၁၀၀အရွယ်တွင် ကွယ်လွန်

နယူးယောက် ဒီဇင်ဘာ ၃၀

အမေရိကန်နိုင်ငံ၏ ၃၉ ဦးမြောက်သမ္မတဖြစ်သည့် သမ္မတဟောင်းဂျင်မီကာတာသည် ဒီဇင်ဘာ ၂၉ ရက်တွင် ဂျော်ဂျီယာပြည်နယ် ပလိန်းစ်မြို့ရှိ ၎င်း၏နေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် သမ္မတဟောင်း ဂျင်မီကာတာမှာ အသက် ၁၀၀ ရှိပြီဖြစ်ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သမ္မတဟောင်း ဂျင်မီကာတာသည် ၁၉၇၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ဘက် ရီပတ်ဘလီကန်သမ္မတ ဂျရယ်ဖို့ဒ်ကို အနိုင်ရရှိခဲ့ပြီး ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် ၃၉ ဦးမြောက် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

သမ္မတရာထူး သက်တမ်း လေးနှစ်အတွင်း ဂျင်မီကာတာသည် ပြည်တွင်းစီးပွားရေးပြဿနာ၊ အီရန်ဓားစာခံ ပြဿနာများနှင့် ရင်းကန်နေခဲ့ရသည်။

သို့ရာတွင် ဂျင်မီကာတာသည် သမ္မတရာထူးမှ အနားယူခဲ့ပြီး နောက်ပိုင်းပြုလုပ်ခဲ့သော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကြောင့် ၂၀၀၂ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုကို ရရှိခဲ့သည်။

ကွယ်လွန်သူ သမ္မတဟောင်း ဂျင်မီကာတာအတွက် အမျိုးသားအောက်မေ့ဖွယ်နေ့အဖြစ် လာမည့် ဇန်နဝါရီ ၉ ရက်ကို သတ်မှတ်ကြေညာရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ညွှန်ကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အီသီယိုးပီးယား၌ ကုန်တင်ယာဉ်မြစ်ထဲထိုးကျမှုဖြစ်ပွား လူပေါင်း ၇၁ ဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိ





အဒစ်အာဘာဘာ ဒီဇင်ဘာ ၃၀

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဆီဒါမာဒေသ၌ ခရီးသည်အပြည့်လိုက်ပါလာသော ကုန်တင်ယာဉ်တစ်စီးမြစ်ထဲထိုးကျခဲ့ရာ လူပေါင်း ၇၁ဦးသေဆုံးခဲ့ရကြောင်း အီသီယိုးပီးယားတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်တွင်ဖြစ်ပွားခဲ့သည့် အဆိုပါယာဉ်မတော်တဆမှုအတွင်း အမျိုးသား ၆၈ ဦးနှင့် အမျိုးသမီးသုံးဦး သေဆုံးခဲ့ရပြီး ငါးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုသည် ဘိုနာခရိုင်အတွင်းရှိ မြစ်ကူးတံတားတစ်စင်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မင်္ဂလာပွဲတစ်ပွဲသို့ သွားရောက်မည့် ခရီးသည်များအပြည့်လိုက်ပါလာသော ၎င်းကုန်တင်ယာဉ်သည် အကွေ့အကောက်များသည့် လမ်းတစ်လျှောက် မောင်းနှင်နေစဉ် မြစ်ကူးတံတားတစ်စင်း အတက်တွင် လမ်းချော်ထွက်၍ မြစ်ထဲထိုးကျခဲ့ခြင်းဖြစ်ကြောင်းအီသီယိုးပီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်မောင်းများ ပေါ့ဆမှု၊ မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းမှုညံ့ဖျင်းခြင်းတို့ကြောင့် အီသီယိုးပီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

၂၀၁၈ ခုနှစ်ကလည်း အီသီယိုးပီးယားမြောက်ပိုင်း တောင်ပေါ်လမ်းတစ်လမ်း၌ ဘတ်စကားတစ်စီး ချောက်ထဲ ထိုးကျခဲ့ရာ အနည်းဆုံးလူပေါင်း ၃၈ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဗန်ကောက်မြို့၌ ဟိုတယ်တစ်လုံး မီးလောင်မှုဖြစ်ပွား ကမ္ဘာလှည့်ခရီးသည် သုံးဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရရှိ

ဗန်ကောက် ဒီဇင်ဘာ ၃၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒီဇင်ဘာ ၂၉ ရက်ညပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကမ္ဘာလှည့်ခရီးသည် သုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် ဟိုတယ်သည် ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသော ဗန်ကောက်မြို့ ရပ်ကွက်တစ်ခု၌ တည်ရှိသည့် အမ်ဘာအမည်ရှိ အထပ်ခြောက်ထပ်ပါဟိုတယ်ဖြစ်သည်။

အမ်ဘာဟိုတယ် မီးလောင်မှုကြောင့် အမေရိကန်နိုင်ငံ၊ ဘရာဇီးနှင့် ယူကရိန်းနိုင်ငံတို့မှ ခရီးသွားဧည့်သည်သုံးဦးသေဆုံးခဲ့ရပြီး ခုနစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟိုတယ် မီးလောင်မှုကြောင့် သေဆုံးသူတစ်ဦးမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျန်နှစ်ဦးမှာ အမျိုးသားများဖြစ်ကြကြောင်း ထိုင်းတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

မီးလောင်မှုဖြစ်ပွားစဉ် အမ်ဘာဟိုတယ်ထဲ၌ ခရီးသွားဧည့်သည် ၇၅ဦးထိရှိနေကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။




၎င်းခရီးသွား ဧည့်သည်များအနက် မီးဘေးလွတ်ရာဟိုတယ် ခေါင်မိုးပေါ်သို့ တက်ပြေးခဲ့ကြသော ခရီးသွားဧည့်သည် ၃၄ ဦးကို ထိုင်းမီးသတ်သမားများက ကယ်တင်ပေးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်တင်လေယာဉ်များကို ဘေးအန္တရာယ်လုံခြုံရေးစစ်ဆေးမှုများ တောင်ကိုရီးယားပြုလုပ်မည်

ဆိုးလ် ဒီဇင်ဘာ ၃၀

ဂျီဂျူ လေကြောင်းလိုင်းခရီးသည်တင်လေယာဉ် မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် တောင်ကိုရီးယား တာဝန်ရှိသူများသည် တောင်ကိုရီးယား လေကြောင်းလိုင်းများက အသုံးပြုနေသော ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်တင်လေယာဉ်များကို ဘေးအန္တရာယ်လုံခြုံရေးစစ်ဆေးမှုများပြုလုပ်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျီဂျူလေကြောင်းလိုင်းမှ ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၂၉ ရက်က မူအန်နိုင်ငံတကာလေဆိပ်သို့ဆင်းသက်စဉ် ပြေးလမ်းချော်၍ မီးလောင်ပေါက်ကွဲခဲ့ရာ လိုက်ပါလာသော ၁၈၁ ဦးအနက် ၁၇၉ ဦးသေဆုံး၍ နှစ်ဦးသာ အသက်ရှင်လွတ်မြောက်ခဲ့သည်။

အဆိုပါ ဘိုးအင်းလေယာဉ်သည် မူအန်နိုင်ငံတကာလေဆိပ်၌ ဆင်းသက်ရာတွင် ဘီးများမချဘဲ ဝမ်းဗိုက်ဖြင့် ဆင်းသက်ခဲ့ရာ လေဆိပ်စည်းရိုးတစ်ခုနှင့်ဝင်တိုက်ခဲ့ပြီးနောက် မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက် တောင်ကိုရီးယားလေကြောင်းလိုင်းများ ပိုင်ဆိုင်ထားသော ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်လေယာဉ် ၁၀၁စင်းကို လုံခြုံရေးစစ်ဆေးမှုများပြုလုပ်မည်ဖြစ်ကြောင်းတောင်ကိုရီးယားသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂျီဂျူ လေကြောင်းလိုင်းခရီးသည်တင်လေယာဉ်မတော်တဆမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် နှစ်ပေါင်း ၃၀ နီးပါးကာလအတွင်း အသေအပျောက်အများဆုံးလေယာဉ်မတော်တဆမှုဖြစ်ခဲ့ရသည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားတာဝန်ရှိသူများသည် ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်မတော်တဆမှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက MicroGEO ဂြိုဟ်တုလေးစင်းကို လွှတ်တင်ခဲ့




**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် အက်စထရားနစ်ဂြိုဟ်တု ကုမ္ပဏီ၏ MicroGEO ဂြိုဟ်တုလေးစင်းကို ယနေ့တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ MicroGEO ဂြိုဟ်တုလေးစင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် MicroGEO ဂြိုဟ်တုလေးစင်းကို ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

MicroGEO ဂြိုဟ်တုလေးစင်းသည် အဆိုပါ ကြားခံပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေအထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း အက်စထရားနစ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည်အဆိုပါ ဂြိုဟ်တုလေးစင်းကို လွှတ်တင်ရန် ဒီဇင်ဘာ ၂၁ ရက်က စီစဉ်ထားသော်လည်း မလွှတ်တင်မီ တစ်စက္ကန့်အလိုတွင် အစီအစဉ်ဖျက်သိမ်းခဲ့ရသည်။

ဒီဇင်ဘာ ၂၁ ရက်မစ်ရှင်ဖျက်သိမ်းခဲ့ရခြင်း၏ အကြောင်းတရားကို Space-X ကုမ္ပဏီက ထုတ်ဖော် ပြောကြားခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## တွက်ချက်မှုနှုန်းမြင့်မားသည့်ကွမ်တမ်ချစ်ပြားတစ်ပြားကို သိပ္ပံပညာရှင်များ စမ်းသပ်ဖန်တီး


**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် ဂူဂဲလ်ကုမ္ပဏီ သိပ္ပံပညာရှင်များသည် တွက်ချက်မှုနှုန်း အလွန်တရာမြင့်မားသည့် ကွမ်တမ်ချစ်ပြားတစ်ပြားကို စမ်းသပ်ဖန်တီးထားကြောင်း ဒီဇင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

Willow အမည်ရှိ အဆိုပါ ကွမ်တမ်ချစ်ပြားသည် အလွန်ခက်ခဲသော ကွန်ပျူတာအတွက်အချက် ပြဿနာတစ်ရပ်ကို အချိန်ငါးမိနစ်ခန့်ဖြင့် တွက်ချက်ဖြေရှင်းနိုင်ခဲ့ကြောင်း ဂူဂဲလ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

အထက်ပါကွန်ပျူတာအတွက် အချက်ပြဿနာကို ဖြေရှင်းရန် ယနေ့ခေတ်တွက်ချက်မှုအမြန်ဆုံး ကွန်ပျူတာများအနေဖြင့် အချိန်ကာလ နှစ်ပေါင်း ၁၀ ဆက်တီလီယံထိ ရယူရလိမ့်မည်ဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီ သိပ္ပံပညာရှင်များက ပြောကြားသည်။

နှစ်ပေါင်း ၁၀ ဆက်တီလီယံသည် ၁၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ နှင့်ညီမျှကြောင်း ဂူဂဲလ်ကုမ္ပဏီမှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



Willow ကွမ်တမ်ချစ်ပြားသည် စမ်းသပ်ဆဲအဆင့်တွင်သာ ရှိနေသေးသော်လည်း တွက်ချက်မှုမြန်နှုန်း အလွန်တရာမြင့်မားသည့် ကွမ်တမ်ကွန်ပျူတာများ ဖန်တီးရေးအတွက် လမ်းဖွင့်ပေးနိုင်ကြောင်း သိရသည်။

Willow ကွမ်တမ်ချစ်ပြားကို ဂူဂဲလ်ကုမ္ပဏီ၏ Quantum AI သုတေသနဌာနက ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X ကုမ္ပဏီက ၂၀၂၄ ခုနှစ်၏ နောက်ဆုံးမစ်ရှင်ဖြစ်သော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို လွှတ်တင်ရန်စီစဉ်

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၏ နောက်ဆုံးမစ်ရှင်ဖြစ်သော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁စင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။




၂၀၂၄ ခုနှစ်၏ နောက်ဆုံးမစ်ရှင်အဖြစ် Space-X ကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Space-X ကုမ္ပဏီ၏ ဂြိုဟ်တုသစ် ၂၁ စင်းထဲတွင် ဆဲလ်ဖုန်းများကို အင်တာနက်ဝန်ဆောင်မှုပေးနိုင်မည့် ဂြိုဟ်တုအမျိုးအစား ၁၃ စင်း ပါဝင်ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ နောက်ဆုံးအာကာသမစ်ရှင်ဖြစ်သကဲ့သို့ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ၁၃၄ ကြိမ်မြောက်မစ်ရှင်လည်း ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၁၃၄ ခုအနက် ၈၉ ခုမှာ စတားလင့်ခ်ဂြိုဟ်တုများ လွှတ်တင်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ပလတ်စတစ်အမှုန်အမွှားများက ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်နေ

**နယူးယောက် ဒီဇင်ဘာ ၃၀**

အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများသည် မျိုးဆက်ပွား ပြဿနာများ၊ အူမကြီးကင်ဆာနှင့် အဆုတ်စွမ်းဆောင်ရည်ကျဆင်းခြင်းတို့ အပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် တိုက်ရိုက် ဆက်စပ်နေကြောင်း ဒီဇင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပလတ်စတစ်အမှုန်အမွှားများ၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ လေ့လာချက်ပေါင်း ၃၀၀၀ ကျော်ကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပလတ်စတစ်အမှုန်အမွှားများသည် မျိုးဆက်ပွား ကျန်းမာရေးပြဿနာများနှင့် အူမကြီးကင်ဆာအပါအဝင် ရောဂါအမျိုးမျိုးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လူ့ပတ်ဝန်းကျင် နေရာတိုင်းလိုလိုတွင် ရှိနေတတ်သော ပလတ်စတစ်အမှုန်အမွှားများသည် ကိုယ်တွင်းအင်္ဂါတစ်ရှူးများအတွင်း ဝင်ရောက်၍ ထိုမှတစ်ဆင့် သွေးလည်ပတ်မှုစနစ်အတွင်းသို့ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

သွေးလည်ပတ်မှုစနစ်အတွင်းသို့ ပလတ်စတစ်အမှုန်အမွှားများ ရောက်ရှိသွားချိန်တွင် ခုခံအားစနစ်တုံ့ပြန်မှုကြောင့် ရောင်ရမ်းမှုပြဿနာ ပေါ်ထွက်လာတတ်ပြီး နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ တစ်နှစ်လျှင် ပလတ်စတစ်ပစ္စည်းတန်ချိန် သန်း ၄၆၀ ထိ ထုတ်လုပ်လျက်ရှိရာ ပလတ်စတစ်အမှုန်အမွှားများ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုမှာ စိုးရိမ်ရဖွယ်အဆင့်တွင် ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တိရစ္ဆာန်များအတွက်သုံးသော သန်ချဆေးတစ်မျိုးက ကင်ဆာရောဂါကုသရာတွင် အထောက်အကူပြုနိုင်

**လန်ဒန် ဒီဇင်ဘာ ၃၀**

တိရစ္ဆာန်များအတွက် အသုံးပြုသည့် သန်ချဆေးတစ်မျိုးသည် လူသားများ၏ ကင်ဆာရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

Fenbendazole အမည်ရှိ အဆိုပါဆေးသည် တိရစ္ဆာန်များအတွက်အသုံးပြုသည့် ကပ်ပါးပိုးတိုက်ဖျက်ရေး ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏အဆိုအရ Fenbendazole ဆေးသည် လူသားများ၏ ကင်ဆာရောဂါများကို ကုသရာတွင် ထိရောက်သောကုထုံးတစ်မျိုးဖြစ်လာနိုင်ခြေရှိကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ကင်ဆာရောဂါကို Fenbendazole ဆေးဖြင့်ကုသရာတွင် ထိရောက်မှု ရှိ၊ မရှိ လေ့လာထားသည့် လေ့လာချက်များကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့လာမှုများထဲတွင် ပါဝင်သောကင်ဆာလူနာများအနက် သုံးဦးမှာ Fenbendazole ဆေးဖြင့် စမ်းသပ်ကုသမှုခံယူပြီးနောက် ကင်ဆာဆဲလ်များ၏ အရွယ်အစားကျုံ့ဝင်သွားသည်ကို တွေ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# United Cup တင်းနစ်ပြိုင်ပွဲ Group C အုပ်စုတွင်းပွဲစဉ်တွင် ကာဇက်စတန်အသင်း အနိုင်ရရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၃၀**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲ Group C အုပ်စုတွင်းပွဲစဉ်တစ်ပွဲအဖြစ် ကာဇက်စတန်အသင်းနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာကာဇက်စတန်အသင်းက (၃-၀) ရလဒ်ဖြင့် အနိုင်ရရှိသွားခဲ့ပြီး ဂရိအသင်းကအုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီဖြစ်ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဂရိအသင်းကို ဦးဆောင်နေသည့် စတီဖာနို့စ်က အရှုံးရလဒ်အတွက် စိတ်ပျက်နေပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းလည်း ပြောကြားခဲ့သည်။

ကာဇက်စတန်အသင်းနှင့် ဂရိအသင်းတို့ပွဲစဉ်တွင် တစ်ဦးချင်းပွဲစဉ်အဖြစ် ကာဇက်စတန်အသင်းမှ နာမည်ကြီးတင်းနစ်မယ် ရိုင်ဘာကီနာနှင့် ဂရိအသင်းမှ နာမည်ကြီးတင်းနစ်မယ် ဆက်ကာရီတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ရိုင်ဘာကီနာက (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကာဇက်စတန်အသင်းက (၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်တစ်ပွဲအဖြစ် ဂရိအဆင့်(၁)တင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ကာဇက်စတန်အသင်းမှ ရှက်ချန်ကိုတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ရှက်ချန်ကိုက (၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဂရိအသင်းက (၂-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့သည်။

အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်အနေဖြင့် ဂရိအသင်းမှ ပါပမီချယ်နှင့် စတီဖာနို့စ်တို့အတွဲက ကာဇက်စတန်အသင်းမှ ကူလမ်ဘာယီဗာနှင့် နီဒွေါဖ်ယီဆိုဖ်တို့အတွဲဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကာဇက်စတန် ကိုယ်စားပြုအတွဲက (၂-၆၊ ၆-၃၊ ၁၀-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သောကြောင့် ကာဇက်စတန်အသင်းက (၃-၀) ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နာမည်ကြီး ဂရိအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ကာဇက်စတန်အသင်းမှ ရိုင်ဘာကီနာက "ကာဇက်စတန် အသင်းအတွက် နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မတို့တွေအားလုံး အကောင်းဆုံးကြိုးစားခဲ့ကြတယ်။ ဂရိအသင်းမှ ကစားသမားတွေက ကမ္ဘာ့အဆင့် ကစားသမားတွေဖြစ်တဲ့အတွက် ကျွန်မတို့ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါ တယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



## အားကစားသတင်းအတိုအထွာများ

- နယူးကာဆယ်အသင်းသည် ၂၀၂၅ ခုနှစ်တွင် အဲဗာတန်အသင်းနှင့် စာချုပ်ကုန်ဆုံးတော့မည့်တိုက်စစ်မှူး ကယ်ဘက်လေဝင်ကိုခေါ်ယူရန် ကစားသမားနှင့်ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာဟ်သည် အသင်းသမိုင်းတစ်လျှောက် ဘောလုံးရာသီ ရစ်ရာသီဆက် သွင်းဂိုး ၂၀ နှင့်အထက် သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- ပဲလေ့စ်အသင်း ခံစစ်ကစားသမား မစ်ချဲလ်ကို လန်ဒန်မြို့ခံပြိုင်ဘက် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။ ML

# (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားချန်ပီယံရှစ်ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ကကြီးမှူးကျင်းပသော (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားချန်ပီယံရှစ်ကြက်တောင်ပြိုင်ပွဲဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

ဗိုလ်လုပွဲများအပြီး၌ အမျိုးသမီးအကြီးတန်းတစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာက လင်းလင်းထက်ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အကြီးတန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ချမ်းဝင်းဦး+မြတ်မင်းသူတို့အတွဲက အောင်မျိုးထူး+အာကာဖုန်းမြတ်တို့အတွဲကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆု ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများအပြီးတွင် သာမန်တန်းအမျိုးသား၊အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲ အမျိုးသား+အမျိုးသမီး၊ နှစ်ယောက်တွဲ၊ ဝါသနာရှင်တန်း အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ၊ သက်လတ်တန်း (နှစ်ယောက်ပေါင်း၉၀နှစ်) နှစ်ယောက်တွဲ၊ သက်ကြီးတန်း (နှစ်ယောက်ပေါင်း၁၀၀နှစ်၊ ၁၁၀ နှစ်၊ ၁၂၀နှစ်) နှစ်ယောက်တွဲပြိုင်ပွဲများ၊ အကြီးတန်းနှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသောအားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် အတူငွေသားဆုများ ချီးမြှင့်ခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြီးတန်း အမျိုးသား၊အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတို့တွင်ပထမ၊ဒုတိယ၊တတိယဆုရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

STA

# အမှတ်ပေးပြိုင်ပွဲ ပထမရာသီဝက်အတွင်း အဝေးကွင်းရှုံးပွဲမရှိသည့်စံချိန်ကို နည်းပြစလော့ရရှိ

**လန်ဒန် ဒီဇင်ဘာ ၃၀**

လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အဝေးကွင်းနိုင်ပွဲ ရရှိခဲ့ပြီးနောက် နည်းပြစလော့သည် အဝေးကွင်းရှုံးပွဲမရှိသည့်စံချိန်ကောင်းကို ရရှိခဲ့ကြောင်း သိရသည်။



လီဗာပူးအသင်းသည် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်အပြီးတွင် ပထမရာသီဝက် ကာလအတွင်း အဝေးကွင်း ကိုးပွဲကစားခဲ့ရာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် နည်းပြသစ်စလော့သည် အသင်းသမိုင်းတွင် ပထမဆုံးရာသီဝက်ကာလအတွင်း ရှုံးပွဲမရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် နည်းပြစလော့လက်ထက် အမှတ်ပေးပွဲ အဝေးကွင်းပွဲစဉ်များတွင် အစ်ဗစ်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ မန်ယူအသင်းကို သုံးဂိုးဂိုးမရှိ၊ ဝုဗ်အသင်းကို နှစ်ဂိုးတစ်ဂိုး၊ ပဲလေ့စ်အသင်းကို တစ်ဂိုးဂိုးမရှိ၊ အာဆင်နယ်အသင်းကို နှစ်ဂိုးစီသရေ၊ ဆောက်သမ်တန်အသင်းကို နှစ်ဂိုးသုံးဂိုး၊ နယူးကာဆယ်ကို သုံးဂိုးစီသရေ၊ စပါးအသင်းကို ခြောက်ဂိုးသုံးဂိုး၊ ယခုပွဲတွင် ဝက်စ်ဟမ်းအသင်းကို ငါးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထို့ပြင် ပြည်တွင်းဖလားပြိုင်ပွဲများနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင်လည်း အဝေးကွင်းရှုံးပွဲမရှိခဲ့ဘဲ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်အဆင့်(၁) နေရာ၌ ရပ်တည်နေပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်းရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# အိုနာနာ၏နေရာတွင် ဘရိုက်တန်ဂိုးသမား ဗာဘက်ဂျန်ကိုခေါ်ယူရန် မန်ယူအသင်းကြိုးပမ်း

**မန်ချက်စတာ ဒီဇင်ဘာ ၃၀**

မန်ယူအသင်းသည် ဘရိုက်တန်အသင်းဂိုးသမား ဗာဘက်ဂျန်ကို အသင်းဂိုးသမား အိုနာနာ၏နေရာတွင် အစားထိုးရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂိုးသမားအိုနာနာသည် နည်းပြအာမိုရင်လက်အောက်တွင် အသင်း၏ ဦးစားပေးဂိုးသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်ပြီး ဘောက်ဆင်ဒေးပွဲစဉ်ဖြစ်သည့် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့်အာမိုရင်ကဂိုးသမားအိုနာနာ၏နေရာကို အပြောင်းအလဲပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် နည်းပြအာမိုရင်က ဂိုးသမားပြဿနာကို ဖြေရှင်းရန် ဘရိုက်တန်အသင်းတွင် လက်စွမ်းပြသနေသည့် အသက် ၂၂ နှစ်ရှိ ဗာဘက်ဂျန်ကို ခေါ်ယူသွားမည်ဖြစ်ပြီး ၎င်း၏ စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် သန်း ၃၀ ထိရှိသည်။

ဗာဘက်ဂျန်သည် ယခုနှစ် နည်းပြဟာဇီလာ လက်အောက်တွင် ပြိုင်ပွဲစုံ ၁၆ ပွဲတွင် ဂိုးပေါက်ကာကွယ်မှု ၄၇ ကြိမ်ထိပြုလုပ်နိုင်ခဲ့သဖြင့် ပြိုင်ပွဲစုံ ၁၈ ပွဲတွင် ဂိုးပေါက်ကာကွယ်မှု ၄၄ ကြိမ် ပြုလုပ်ထားသည့် ဂိုးသမား အိုနာနာနှင့် နှိုင်းယှဉ်ပါက သာလွန်နေသောကြောင့် မန်ယူအသင်းနှင့်အပြိုင် ပရီးမီးယားလိဂ်ထိပ်သီးအသင်းများကလည်း စိတ်ဝင်စားနေခြင်းဖြစ်သည်။

ဂိုးသမား ဗာဘက်ဂျန်သည် ကစားသမားဘဝကို ၂၀၁၉ ခုနှစ်က နယ်သာလန်ကလပ် ဘရီဒါအသင်းနှင့် စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းသို့ လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် ဘရိုက်တန်အသင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ပြီးနောက် ဘရိုက်တန်အသင်းတွင် ဂိုးသမား ဆန်းချက် ထွက်ခွာချိန်၌ ဂိုးသမား စတီးလ်နှင့် ပွဲထွက်ခွင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း နည်းပြဟာဇီလာ ရောက်ရှိလာချိန်တွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ပြီး လက်စွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# နော်တင်ဟမ်အသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးပွဲဆက်အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၃၀**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉) အဖြစ်ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် နော်တင်ဟမ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးပွဲဆက်အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။



နော်တင်ဟမ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဆန်းတို့စ်လက်အောက်၌အကောင်းဆုံးပုံစံရရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းကိုရှုံးနိမ့်ခဲ့သော်လည်း စပါးအသင်း၊ မန်ယူအသင်း၊ လီဗာပူးအသင်း၊ အာဆင်နယ်အသင်းတို့ကို အနိုင်ရရှိခဲ့ကာ ချဲလ်ဆီးအသင်းကိုလည်း သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ထိပ်တန်းအသင်းကြီးများနှင့် ပွဲစဉ်များတွင်လည်း ရလဒ်များဆက်တိုက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက တန်းမဆင်းရအောင် ရုန်းကန်ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အံ့အားသင့်ဖွယ်ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲ ၁၉ ပွဲ ကစားပြီးချိန်တွင် ၁၁ ပွဲထိအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး လေးပွဲသရေရလဒ်နှင့် လေးပွဲရှုံးနိမ့်ခဲ့ကာ ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာထိ ယာယီတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နော်တင်ဟမ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ထိပ်တန်းအသင်းကြီးများနှင့် တွေ့ဆုံသည့်ပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်တစ်နေရာ ရရှိရန်အတွက်လည်း အခြေအနေကောင်းမွန်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# အေစီမီလန်အသင်းက နည်းပြဖွန်စီကာကို ရာထူးမှ ထုတ်ပယ်ခဲ့

**ရောမ ဒီဇင်ဘာ ၃၀**

အေစီမီလန်အသင်းသည် ယနေ့ကစားခဲ့သည့် ရိုးမားအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် နည်းပြဖွန်စီကာကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

အေစီမီလန် အသင်းသည် နည်းပြဖွန်စီကာ လက်ထက်တွင် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး အမှတ်ပေးပွဲ ၁၇ ပွဲကစားအပြီးတွင် ရမှတ် ၂၇ မှတ်သာရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့်(၈)သို့ ရောက်ရှိခဲ့သောကြောင့် ဥရောပပြိုင်ပွဲကစားခွင့်ရရှိရန် ခက်ခဲလာချိန်တွင် နည်းပြဖွန်စီကာကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဖွန်စီကာသည် ၎င်းလက်ထက်တွင် အင်တာမီလန်အသင်းနှင့် ဒါဘီပွဲစဉ်ကို အနိုင်ရခဲ့သော်လည်း ကစားကွက်ပိုင်းအားနည်းချက်ရှိခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲ လေးပွဲတွင် ခြေစွမ်းပိုင်းအားနည်းသည့် ဗီရိုနာအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်သာ အနိုင်ရခဲ့သောကြောင့် ဖွန်စီကာ၏ နည်းစနစ်ပိုင်းကို သံသယရှိလာသည့် အသင်းတာဝန်ရှိသူများက လာမည့် စူပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်မတိုင်မီ ၎င်းကိုရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အေစီမီလန်အသင်းသည် ပေါ်တိုအသင်းကို စူပါဖလားရယူပေးခဲ့ပြီးနောက် အသင်းနှင့် လမ်းခွဲသွားသည့် နည်းပြကွန်စီကာအိုကို နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေပြီး ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**




# WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံအတွက် အိုင်အိုကာနှင့် မကျေပွဲထိုးသတ်မည့်ပွဲစဉ်အား ဖျက်သိမ်းကြောင်း မာတီနက်ဇ်ထုတ်ပြန်

**ဗျူနို့စ်အေရိစ် ဒီဇင်ဘာ ၃၀**

WBA စူပါဖလိုင်းဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာဂျင်တီးနားလက်ဝှေ့သမား မာတီနက်ဇ်သည် မကျေပွဲစဉ် ထိုးသတ်ရန်အတွက် ဂျပန်လက်ဝှေ့ သမားအိုင်အိုကာ၏ စိန်ခေါ်မှုအား လက်ခံခဲ့ပြီးနောက် မကျေပွဲစဉ်အား ဒီဇင်ဘာ ၃၁ ရက်တွင် ထိုးသတ်သွားရန်စီစဉ်ခဲ့သော်လည်း တုပ်ကွေးရောဂါဝေဒနာခံစားနေရသည့် မာတီနက်ဇ်က



မကျေပွဲစဉ်ကို ထိုးသတ်နိုင်တော့မည်မဟုတ်ဘဲ စိန်ခေါ်ပွဲအားဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အိုင်အိုကာသည် ဆုံးရှုံးခဲ့ရသည့် ကမ္ဘာ့ချန်ပီယံခါးပတ်အားပြန်လည်ရယူလိုသော်လည်း မာတီနက်ဇ်က တုပ်ကွေးရောဂါကြောင့် စိန်ခေါ်ပွဲဖျက်သိမ်းခဲ့ခြင်းအပေါ် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

မာတီနက်ဇ်နှင့် အိုင်အိုကာတို့သည် ဇူလိုင် ၇ ရက်က WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် မာတီနက်ဇ်ကဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အိုင်အိုကာ၏ မန်နေဂျာဖြစ်သူက "အိုင်အိုကာဟာ မာတီနက်ဇ်နဲ့ ထိုးသတ်သွားမယ့် မကျေပွဲစဉ်အတွက် အားလုံးပြင်ဆင်ခဲ့ပြီးဖြစ်ပေမယ့်လဲ မမျှော်လင့်ဘဲ မာတီနက်ဇ်ဘက်က တုပ်ကွေးရောဂါကြောင့် စိန်ခေါ်ပွဲ ဖျက်သိမ်းလိုက်တယ်။ အိုင်အိုကာအတွက် အားလုံးပြင်ဆင်ပြီးမှ အခုလိုဖြစ်သွားတာ စိတ်မကောင်းဖြစ်ရပါတယ်" ဟု ပြောကြားခဲ့သည်။

အိုင်အိုကာက"အားလုံးပြင်ဆင်ပြီးမှ အခုလိုဖြစ်သွားတာကို လက်ခံဖို့ခက်ခဲပါတယ်။ တခြားစိန်ခေါ်ပွဲတွေ စီစဉ်သွားဖို့ပဲပြင်ဆင်သွားတော့မယ်" ဟု ပြောကြားခဲ့သည်။

**Ref : Xinhua**
**Trs : AZL**

# အန်တိုနီကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဘတ်တစ်အသင်း ကမ်းလှမ်းမှုပြုလုပ်

**မန်ချက်စတာ ဒီဇင်ဘာ ၃၀**

ဘတ်တစ်အသင်းက မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား အန်တိုနီကို လာမည့်ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၄နှစ်ရှိ အန်တိုနီသည် ပြီးခဲ့သည့် ၂၀၂၂ခုနှစ်က အေဂျက်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ၎င်းအနေဖြင့် အေဂျက်အသင်းတွင် ကစားစဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့သော်လည်း မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး ပထမဆုံးဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၄ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ရှစ်ဂိုးသာသွင်းယူနိုင်ခဲ့သကဲ့သို့ ဒုတိယဘောလုံးရာသီတွင်လည်း ၃၈ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ရာသုံးဂိုးသာ သွင်းယူနိုင်ခဲ့သည်ထိ ရုန်းကန်ခဲ့ရသည်။

အလားတူအန်တိုနီအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ခြေစွမ်းပြသနိုင်ခြင်း မရှိသည့်အတွက် နည်းပြတန်ဟတ်လက်အောက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ပြီး လက်ရှိနည်းပြ အာမိုရင်လက်အောက်တွင်လည်း ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခွင့်ရရှိခဲ့ကာ မန်ယူအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် မရောင်းချနိုင်ခဲ့ပါက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘတ်တစ်အသင်းက အန်တိုနီကို အပြီးသတ်စာချုပ်ဖြင့် မခေါ်ယူလိုဘဲ ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်ထိ အငှားစာချုပ်ဖြင့် ခေါ်ယူလိုနေပြီး ၎င်း၏လုပ်ခလစာတစ်ဝက်ကိုသာ ပေးချေလိုနေသည့်အတွက် ကျန်တစ်ဝက်ကို မန်ယူအသင်းမှ ပေးချေရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ဒဏ်ရာပြဿနာကြောင့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် ဟော့ဖ်လန်းလွဲချော်ရတော့မည်

**ဟာဝိုင်ယီ ဒီဇင်ဘာ ၃၀**

ကမ္ဘာ့အဆင့်(၈) နေရာတွင် ရပ်တည်နေသည့် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟော့ဖ်လန်းသည် အပန်းဖြေခရီးထွက်နေစဉ် ဟိုတယ်အခန်းတွင်း၌ မတော်တဆ ခြေထောက်ဒဏ်ရာရရှိခဲ့သည့်အတွက် အမေရိကန်နိုင်ငံဟာဝိုင်ယီပြည်နယ် မော်အီကျွန်းတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် စတင်ကျင်းပမည့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် လွဲချော်ရတော့မည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

ဟော့ဖ်လန်းသည် ရရှိထားသည့်ဒဏ်ရာအား X-ray ရိုက်ထားသော ဆေးမှတ်တမ်းနှင့်တကွ လူမှုကွန်ရက်တွင် ဒဏ်ရာပြဿနာနှင့် ပတ်သက်ပြီး ပရိသတ်များအား အသိပေးသွားခဲ့ခြင်းဖြစ်သည်။

ဟော့ဖ်လန်းအနေဖြင့် ဒဏ်ရာကြောင့် မည်သည့်အချိန်ထိ အနားယူရမည်ကို အသေးစိတ်မသိရသေးသော်လည်း Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့်သေချာပေါက်လွဲချော်ရတော့မည်ဟု အတည်ပြုခဲ့သည်။

၎င်း၏ဒဏ်ရာရရှိမှုနှင့်ပတ်သက်ပြီး ပရိတ်သတ်များအား အသိပေးခဲ့သော လူမှုကွန်ရက်စာမျက်နှာတွင် အမေရိကန်နာမည်ကြီး ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါအပြင် အခြားသော နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားများက ဒဏ်ရာအမြန်ဆုံးသက်သာလာစေရန် ဆုတောင်းပေးကြောင်း ရေးသားခဲ့ကြသည်။

**Ref : RT**
**Trs : AZL**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# အမေရိကန်နိုင်ငံ၏ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှုအခက်အခဲ

၂၀၂၄ ခုနှစ်အတွင်း လူဦးရေသန်း ၃၃၀ ကျော်ရှိနေသည့် အမေရိကန်နိုင်ငံအတွက် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို အစိုးရအဆက်ဆက် ရင်ဆိုင်ဖြေရှင်းခဲ့ကြရသည်။ ၂၀၁၀ ပြည့်နှစ် သမ္မတအိုဘားမားလက်ထက်က ပြဋ္ဌာန်းပေးခဲ့သည့် Affordable Care Act-ACA ဥပဒေ၏ အဓိကအကျိုးကျေးဇူးကြောင့် ယနေ့အသက် ၆၅ နှစ်အောက် အမေရိကန်နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအာမခံထားရှိနိုင်မှုမှာ အမေရိကန်နိုင်ငံသမိုင်းတွင် အများဆုံးဖြစ်ခဲ့ပြီး ယနေ့ကျန်းမာရေးအာမခံမရှိသူ အမေရိကန်နိုင်ငံသားမှာ ရှစ်ရာခိုင်နှုန်းခန့်သာရှိတော့သည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံတွင် ACA ကျန်းမာရေးဥပဒေမရှိခင်ကတည်းက Medicare နှင့် Medicaid အမည်ရ ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ် နှစ်ခုရှိပြီးဖြစ်သည်။ Medicare စနစ်သည် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်ဖြစ်ပြီး ယနေ့ အမေရိကန်သက်ကြီးရွယ်အိုများ အားလုံးနီးပါးကို လွှမ်းခြုံပံ့ပိုးပေးထားနိုင်သည်။ Medicaid စနစ်က ဝင်ငွေနိမ့်အမေရိကန်မိသားစုများအတွက် ဆေးကုသခွင့်ပေးနိုင်သည့် ကျန်းမာရေးအာမခံစနစ်ဖြစ်သည်။ ကျန်းမာရေးအာမခံစနစ်များ တိုးတက်မှုရှိလာခဲ့သော်လည်း ယနေ့အမေရိကန်ပြည်သူများ၏ ပြဿနာသည် ကျန်းမာရေးစောင့်ရှောက်မှုပေးကြမည့် ကျန်းမာရေးဝန်ထမ်းရှားပါးသည့် စိန်ခေါ်မှုဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဘေးအလွန် အမေရိကန်ကျန်းမာရေးဝန်ထမ်းအင်အားစုကြီးထွားလာရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း အစိုးရရန်ပုံငွေများကို လျှော့ချမည်ဟု တကြော်ကြော်အော်နေသည့် သမ္မတသစ်ဒေါ်နယ်ထရမ့်လက်ထက်တွင် ထိုအင်အားစုကြီး ပြိုကွဲသွားရန်ရှိသည်ဟု ခန့်မှန်းကြသည်။ ထရမ့်၏ အစိုးရအပြောင်းအလဲကာလ စီမံရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ထရမ့်၏ကျန်းမာရေးကဏ္ဍ ရည်မှန်းချက်များနှင့် ပတ်သက်ပြီး ထုတ်ပြန်ရာတွင် နိုင်ငံ့ဘတ်ဂျက်ကုန်ကျမှုကိုများစေပြီး အဆင့်မမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပြန်လည်အဆင့်မြင့်မားလာစေရန်၊ အမေရိကန်နိုင်ငံသားတိုင်း ယခုထက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစေရန်နှင့် အမေရိကန်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ပြန်လည်ကြီးမြတ်လာအောင် ပြုလုပ်ရန်ဟု ပါရှိသည်။ သို့သော် မည်သို့မည်ပုံဆောင်ရွက်မည့်အကြောင်းအသေးစိတ်ကိုမူ ဖော်ပြထားခြင်းမရှိပေ။

အမေရိကန်ဆေးကောလိပ်များအစည်းအရုံး၏ ခန့်မှန်းချက်အရ ၂၀၃၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ဆရာဝန်လိုအပ်ချက် ဦးရေ ၈၆၀၀၀ ရှိနေမည်ဟု သိရသည်။ မျက်မှောက်ကာလတွင်လည်း အမေရိကန်မြို့ကြီးများ၌သာ ဆရာဝန်လုံလောက်မှုရှိသော်လည်း ကျေးလက်ဒေသများ၊ ချောင်ကျသည့်အတွင်းပိုင်းဒေသများနှင့် အမေရိကန်ရှေးဦးတိုင်းရင်းသားမျိုးနွယ်များနေထိုင်ရာဒေသများတွင် ဆရာဝန်မလုံလောက်မှုနှင့် ကြုံတွေ့နေရသည်။ ယနေ့အမေရိကန်နိုင်ငံသား ၈၃ သန်းသည် အထွေထွေရောဂါကုဆရာဝန်မရှိသည့်နေရာများတွင် နေထိုင်နေကြရပြီး ကျေးလက်ဒေသများ၏ ၈၀ ရာခိုင်နှုန်းမှာ အထူးကုဆရာဝန်များမရှိကြပေ။

ဆရာဝန်များသာမက လူနာပြုစုခွင့်လိုင်စင်ရ သူနာပြုများ၊ အကူသူနာပြုများလည်း အလုံအလောက်မရှိဟု ဆိုသည်။ အမေရိကန်သူနာပြုကောလိပ်များ အစည်းအရုံး၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွင်း သူနာပြုတက္ကသိုလ်တက်ရောက်ရန် လျှောက်ထားကြသူများအနက် အရည်အချင်းပြည့်မီသူ ၆၅၀၀၀ သည် သူနာပြုတက္ကသိုလ်သို့ အမှန်တကယ် တက်ရောက်ခွင့်မရရှိခဲ့ကြဟု သိရသည်။ အမေရိကန်နိုင်ငံ၏ အချို့နေရာများတွင် ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ရေး အားနည်းချက်များရှိနေသည်။ ရပ်ကွက်၊ ကျေးရွာ ၁၁၀၄ ခု သို့မဟုတ် အမေရိကန်နိုင်ငံ ရပ်ကွက်၊ ကျေးရွာများ၏ ၃၅ ရာခိုင်နှုန်းမှာ သားဖွားခန်း သို့မဟုတ် သားဖွားအထူးကုဆရာဝန်မရှိဟု ဆိုသည်။ ထိုဒေသအများစုသည် တရားဝင်ကိုယ်ဝန်ဖျက်ချခွင့်မရှိသည့် ပြည်နယ်များအတွင်းရှိနေပြီး ကိုယ်ဝန်ဖျက်ချပေးသူများကို ဆေးကုသခွင့်လိုင်စင်ပိတ်သိမ်းခြင်းခံရကာ ထောင်သွင်းအကျဉ်းချခြင်းခံရမည်ဖြစ်သည်။

❖အမေရိကန်ဆေးရုံများသည် သူနာပြုအင်အားမနိုင်မနင်းဖြင့် လည်ပတ်နေခဲ့သည်မှာ ကြာခဲ့ပြီ။ သူနာပြုများ မနိုင်ဝန်ထမ်းရခြင်းကြောင့် အားအင်ကုန်ခန်းပြီး အလုပ်ထွက်သွားကြခြင်းက အဓိကအကြောင်းရင်းဟု ဆိုသည်။ လုပ်ငန်းခွင်အတွင်း အထက်အောက်ဆက်ဆံမှု မပြေလည်မှုများ၊ ကြိုးနီစနစ်၏ လုပ်ငန်းဆောင်တာများကြောင့်လည်း သူနာပြုများ အလုပ်ထွက်ကုန်ကြရခြင်းဖြစ်သည်။ မှတ်သားရန်အချက်မှာ အရေးပေါ်ဌာနကဲ့သို့ လူနာများ အကြာကြီး မနေရသည့်၊ သူနာပြုများ၏အလုပ်ချိန်ကို လျှော့ပေးထားသည့် ဌာနများတွင် အခြားဌာနများနှင့်ယှဉ်လျှင် သူနာပြုအင်အား လုံလောက်နေတတ်သည့် အချက်ဖြစ်သည်။ ❖

၂၀၂၂ခုနှစ်တွင်အမေရိကန်တရားလွှတ်တော်ချုပ်က ကိုယ်ဝန်ဖျက်ချခွင့်ဥပဒေကိုဖျက်သိမ်းခဲ့ပြီးနောက် သားဖွားမီးယပ်အထူးကုဆေးခန်းအများစု ပိတ်သိမ်းခဲ့ကြသည်။ ကိုယ်ဝန်ဖျက်ချခွင့်ကို ပိတ်ပင်ခဲ့သည့်ဒေသများမှာ သားဖွားမီးယပ်အထူးကုသင်တန်းများဖွင့်လှစ်မှုပါ ကျဆင်းသွားရပြီး အကြောင်းရင်းမှာ ကိုယ်ဝန်ဖျက်ချလူနာများ ပြုစုစောင့်ရှောက်ခွင့် အတွေ့အကြုံမရရှိနိုင်ခြင်းကြောင့်ဟု ဆိုသည်။

အထွေထွေရောဂါကုဆရာဝန်များရှားပါးရခြင်းမှာ အကြောင်းရင်းမျိုးစုံရှိသည်။ ဆရာဝန်များက လစာရရှိမှုနည်းပြီး အာမခံကုမ္ပဏီများအတွက် စာရွက်စာတမ်းဖြည့်သွင်းရသည့် အလုပ်ကများနေသည်ဟု ယူဆကြသည်။ ငွေကြေးချို့တဲ့သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Medicare) ၏ ပံ့ပိုးပေးမှုများမှာ၂၀၀၁ခုနှစ်ကတည်းကစပြီး ၂၉ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ငွေကြေးဖောင်းပွမှုကြောင့်လည်း ကျန်းမာရေးပံ့ပိုးငွေများ တန်ဖိုးကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

Medicare ပံ့ပိုးငွေများကျဆင်းသွားခြင်းနှင့်အတူ Medicaid၏ပံ့ပိုးငွေများနှင့် ပုဂ္ဂလိကကျန်းမာရေးအာမခံကုမ္ပဏီများ၏ ပံ့ပိုးငွေများပါ ကျဆင်းသွားခဲ့သည်။ အမေရိကန်ဆရာဝန်များ၏လစာဝင်ငွေမှာ ထိုကျန်းမာရေးအာမခံစနစ်များမှတစ်ဆင့် ရရှိနေခြင်းဖြစ်ရာ ပံ့ပိုးငွေများကျဆင်းသွားခြင်းနှင့်အတူ လုပ်ခလစာနည်းပြီး လူနာပိုမိုများပြားလာသဖြင့် အချို့သောဆရာဝန်များမှာ လူနာအသစ်များကို လက်ခံကြည့်ရှုပေးခြင်းမရှိကြတော့ပေ။

အထွေထွေရောဂါကုဆရာဝန်များကို အဓိကအားထားနေရသည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးတစ်ခုလုံး၏ ပင်မကျောရိုးပင်ဖြစ်သည်။ အထွေထွေရောဂါကုဆရာဝန်များ လစာဝင်ငွေနည်းပါးလာပြီး လူနာပိုမိုများပြားလာခြင်း၊ ဆေးခန်းကို ပိတ်သိမ်းလိုက်သည့် အထွေထွေရောဂါကုဆရာဝန်များ များပြားလာခြင်းတို့ကြောင့် အမေရိကန်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို များစွာနစ်နာသွားစေသည်။ Medicare နှင့် Medicaid ကျန်းမာရေးရန်ပုံငွေစနစ်များ၏အဓိကပံ့ပိုးငွေများက သင်ကြားရေးဆေးရုံကြီးများသို့ အဓိကပံ့ပိုးနေသည်။ ၂၀၂၀ ပြည့်နှစ်က သင်ကြားရေးဆေးရုံကြီးများသို့ ထိုစနစ်များ၏ ပံ့ပိုးငွေက အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံထိရှိခဲ့သည်။ အထွေထွေရောဂါကုဆရာဝန်များ အလုပ်လုပ်ရာ ပြင်ပဆေးခန်းငယ်များအတွက် ထိုသို့ ပံ့ပိုးမှုမျိုး မရှိ။ ထို့ကြောင့် ဆရာဝန်များကလည်း မိသားစုဆရာဝန်၊ အထွေထွေရောဂါကုဆရာဝန် အလုပ်မျိုးထက် လစာဝင်ငွေပိုကောင်းသည့် သင်ကြားရေးဆေးရုံကြီးများတွင် အထူးကုဆရာဝန်ဖြစ်စေရန် အားသန်ကြသည်။

အမေရိကန်နိုင်ငံတွင် ဆေးကျောင်းတက်ရသည့် ကုန်ကျစရိတ်အလွန်များသည်။ အမေရိကန်နိုင်ငံသား ဆေးကျောင်းသားများကို အစိုးရက ငွေထုတ်ချေးပေးသည်။ ကျောင်းလခအလွန်များသဖြင့် ဆရာဝန်သစ်တစ်ဦးအတွက် အစိုးရအပေါ်တင်ရှိသည့် အကြွေးက များပြားနေသည်။ ထိုအနေအထားမျိုးတွင် အထွေထွေရောဂါကုဆရာဝန်လုပ်ရုံနှင့် အကြွေးက တော်ရုံမကျေနိုင်။ ထို့အတွက်ကြောင့် လစာနှစ်ဆ၊ သုံးဆပိုကောင်းသည့် အထူးကုဆရာဝန်လိုင်းကိုသာ လိုက်ကြသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဆရာဝန်များအသင်းက ခန့်မှန်းထားသည့် ဆရာဝန်သစ်တစ်ဦးအတွက် ဆေးကျောင်းလခအကြွေးသည် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၃၉၆၃ ဒေါ်လာဖြစ်သည်။

မကြာသေးမီက ACA ဥပဒေတွင် ကျန်းမာရေးဝန်ထမ်းများ၏လစာအတွက် ရည်ရွယ်ပြီး ကျန်းမာရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တိုးမြှင့်ပေးခဲ့သည်။ ထို့မှုမက အမေရိကန်အစိုးရက ကျောထောက်နောက်ခံပြုပေးထားသည့် ဆေးတက္ကသိုလ်ဆရာများ၏ လစာငွေများကိုလည်း တိုးမြှင့်ပေးသည်။ သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် ထိုအစီအစဉ်များပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး အထူးသူနာပြု ၈၂၀၀ ကို လေ့ကျင့်ပေးရန်အတွက် ရန်ပုံငွေချေးမှတ်ပေးရေးအစီအစဉ်ကိုလည်း ရေးဆွဲထားခဲ့သည်။

အမေရိကန်နိုင်ငံတွင် လိုင်စင်ရသူနာပြုများ လိုအပ်နေသည်မှာ ဆယ်စုနှစ် နှစ်ခုမျှရှိခဲ့ပြီ။ ပြည်နယ်အလိုက်တွင် ဆေးပညာရပ်အလိုက် သူနာပြုလိုအပ်ချက်ကွာဟမှုရှိမည်။ သေချာသည်က နာတာရှည်လူနာများအတွက် သူနာပြုများက နေရာတိုင်းတွင် လိုအပ်နေခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်က နိုင်ငံတစ်ဝန်း သူနာပြုတက္ကသိုလ်တက်ရောက်ခွင့်ရသူ ၆၅၇၆၆ ဦးကို ဖြတ်ချပစ်ခဲ့ရခြင်းမှာ သူနာပြုကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများမရှိခြင်း၊ စာသင်ခန်းများရှားပါးခြင်း၊ ရန်ပုံငွေနည်းပါးခြင်းနှင့် ဆေးရုံလက်တွေ့သင်ခန်းစာများစေ့တွက်ရန် နေရာမလုံလောက်ခြင်းတို့ကြောင့် ဖြစ်သည်။ အလားတူပင် သူနာပြုပညာသင်ကြားရေးဘွဲ့ဆိုင်ရာ သင်တန်းသားဦးရေ ၁၀၀၀၀ ကျော်ကိုလည်း သင်တန်းပေးမတက်နိုင်ဖြစ်ခဲ့ရသည်။

ပညာရှင်တချို့အဆိုအရ သူနာပြုနည်းပါးသည့် ပြဿနာသည် လူသစ်မစုနိုင်ခြင်းထက် ရှိပြီးသားလူဟောင်းများကို အလုပ်ထဲတွင် ပျော်အောင်မထားနိုင်ခြင်းကြောင့်ဟု သိရသည်။ အမေရိကန်ဆေးရုံများသည် သူနာပြုအင်အားမနိုင်မနင်းဖြင့် လည်ပတ်နေခဲ့သည်မှာ ကြာခဲ့ပြီ။ သူနာပြုများ မနိုင်ဝန်ထမ်းရခြင်းကြောင့် အားအင်ကုန်ခန်းပြီး အလုပ်ထွက်သွားကြခြင်းက အဓိကအကြောင်းရင်းဟု ဆိုသည်။ လုပ်ငန်းခွင်အတွင်း အထက်အောက်ဆက်ဆံမှု မပြေလည်မှုများ၊ ကြိုးနီစနစ်၏လုပ်ငန်းဆောင်တာများကြောင့်လည်း သူနာပြုများ အလုပ်ထွက်ကုန်ကြရခြင်းဖြစ်သည်။ မှတ်သားရန်အချက်မှာ အရေးပေါ်ဌာနကဲ့သို့ လူနာများ အကြာကြီးမနေရသည့်၊ သူနာပြုများ၏ အလုပ်ချိန်ကို လျှော့ပေးထားသည့် ဌာနများတွင် အခြားဌာနများနှင့်ယှဉ်လျှင် သူနာပြုအင်အားလုံလောက်နေတတ်သည့် အချက်ဖြစ်သည်။ အရေးပေါ်ဌာနများမှ သူနာပြုများသည် အလုပ်ကောင်းကောင်းပိုလုပ်နိုင်ပြီး အမှားအယွင်းလည်း နည်းပါးကြောင်း သုတေသနများက ဆိုသည်။

အမေရိကန်နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်ပြီး စိန်ခေါ်မှုများစွာရှိနေသည်။ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများ မလုံလောက်သည့်အချက်မှာ ရေရှည်ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ လစာနည်းပါးခြင်း၊ ဝန်နှင့် လုပ်အားမမျှတခြင်း၊ ပြည်ဝင်ခွင့်စည်းကမ်းသတ်မှတ်ချက်များတင်းကျပ်ခြင်းအပါအဝင် အခြားသော အကြောင်းရင်းမျိုးစုံကြောင့်လည်း သူနာပြုအင်အားလျော့နည်းလျက်ရှိသည်။ သမ္မတသစ်ထရမ့်လက်ထက် အမေရိကန်နိုင်ငံ၏ ကျန်းမာရေးဝန်ထမ်းအင်အားထုကြီးကို အလုံးအထည်မလျော့အောင် ထိန်းသိမ်းနိုင်မလား၊ တိုးပွားအောင် လုပ်ပေးနိုင်မလား၊ ဒါမှမဟုတ် အရင်ကထက် ပိုမိုလျော့နည်းသွားမလား စောင့်ကြည့်ကြရမည်ဖြစ်သည်။

**ကိုးကား**

-Can the US health-care workforce keep pace with demand? by Susan Jaffe from Lancet 2024, December 7.

**ဒေါက်တာလှမ်းမိုးဟန်**

## Hey Play Application နှင့် MRTV-4 ရုပ်သံလိုင်းတို့မှ ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်လွှင့်ပြသသွားမည်




ရန်ကုန် ဒီဇင်ဘာ ၃၀

HEY Play Application နှင့် MRTV-4 ရုပ်သံလိုင်းမှ ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ကြင်ဖော်အမည်ရှိရုပ်သံဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ နေထွဋ်ထံမှ သိရသည်။

အဆိုပါ ကြင်ဖော်ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်) ၏ ဝတ္ထုဇာတ်လမ်းကို Aeternum Creative အဖွဲ့က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က F G Series Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်း ဖြစ်ကြောင်းလည်း သိရသည်။

"ကြင်ဖော်ရွေးချယ်ခြင်းက ကိုယ့်ဘဝကို တစ်ဆစ်ချိုးပြောင်းလဲသွားနိုင်တဲ့ အရေးအကြီးဆုံးအပိုင်းတစ်ခုဆိုတာ လက်မခံချင်လဲ လက်ခံရမဲ့ အမှန်တရားတစ်ခုဆိုတာ ဒီဇာတ်လမ်းတွဲက ပေးချင်တဲ့ မက်ဆေ့ဖြစ်ပါတယ်။ အဆိုးဆုံးအချိန်ကို ရင်ဆိုင်ရတဲ့ မိန်းမတိုင်းဟာ အရင်ထက်ပိုပြီး သန်မာလာတတ်ကြတယ် ဆိုတာမျိုးလဲ ဒီဇာတ်လမ်းတွဲက ပြောချင်တာပါ။ အချစ်ဒရာမာဆိုပေမဲ့ ထူးခြားမှုလေးတွေမြင်ရပါမယ်"ဟု သရုပ်ဆောင်နေထွဋ်က ပြောပြသည်။

ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နက္ခတ်၊ နေထွဋ်၊ နေလင်းရှိန်၊ စိုးပြည့်သဇင်၊ ဝေလာရီ၊ နော်ဖေအယ်ထား၊ မေပန်းချီ၊ မှူးထိပ်ထား၊ ဆုမြတ်နိုးဇင်တို့အပြင် စိုးစည်တွမ်ခမ်းကလည်း ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ထားပြီး အဆိုပါ ဇာတ်လမ်းတွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီ အချိန်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

## Netflix ၏ Carry on ဇာတ်ကားသည် ကြည့်ရှုမှုအများဆုံးစာရင်း၌ ပါဝင်လာနိုင်

နယူးယောက် ဒီဇင်ဘာ ၃၀

Netflix အွန်လိုင်းရုပ်သံလိုင်းအတွက် Carry on ဇာတ်ကားသည် ကြည့်ရှုသူအများဆုံး ရုပ်ရှင်ဇာတ်ကား စာရင်း၌ ပါဝင်လာနိုင်ကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Netflix ကုမ္ပဏီသည် Carry on လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၃ ရက်တွင် စတင် ထုတ်လွှင့်ပြသခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Carry on ဇာတ်ကားကို စတင်ထုတ်လွှင့်ပြသသည့် နေ့မှ စတင်၍ ဒီဇင်ဘာ ၂၂ ရက်ထိ ကမ္ဘာတစ်ဝန်းကြည့်ရှုမှုပေါင်း ၉၇ ဒသမ ၁ သန်းထိ ရှိခဲ့ကြောင်း Netflix ကုမ္ပဏီမှ တာဝန်ရှိသူများက ကြေညာထားခြင်းဖြစ်သည်။

ထို့ကြောင့် Carry on ဇာတ်ကားသည် Netflix ၏ ကြည့်ရှုမှုအများဆုံး ရုပ်ရှင်ဇာတ်ကားများစာရင်းတွင် ပါဝင်လာနိုင်ကြောင်း သိရသည်။

Carry on ဇာတ်ကားကို ဒါရိုက်တာ ဂျူမီကော်လက်ဆာရာက ရိုက်ကူးပေးထားပြီး မင်းသားတာရွန်အဂ်ဂါတန်၊ ဂျေဆင်အိတ်ဗင်းနှင့်မင်းသမီး ဆိုဖီယာကာဆန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




## The Batman နောက်ဆက်တွဲဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးရန်စီစဉ်

နယူးယောက် ဒီဇင်ဘာ ၃၀

The Batman နောက်ဆက်တွဲဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးထုတ်လုပ်ရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် The Batman Part II ကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

The Batman Part II သည် The Batman (2022)၏နောက်ဆက်တွဲ စူပါဟီးရိုးဇာတ်ကားဖြစ်သည်။

The Batman Part II ကို ဒါရိုက်တာမက်ရီဗစ်ကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို မက်ရီဗစ်နှင့် မက်ဆန်တွမ်မလင့်တို့က ပူးတွဲရေးသားထားသည်။

The Batman Part II ဇာတ်ကားတွင် မင်းသားရောဘတ်ပက်တင်ဆန်၊ ပေါ်ဒါနိုနှင့် မင်းသမီးဂျိုးကရာဗစ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဝါနာဘရားသားကုမ္ပဏီသည် မူလက The Batman Part II ကို မူလက ၂၀၂၆ ခုနှစ်တွင် ရုံတင်ရန် စီစဉ်ထားသော်လည်း ၂၀၂၇ ခုနှစ်ထိ တစ်နှစ်ထပ်မံ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO




## မျက်နှာဖုံးရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ်

ရန်ကုန် ဒီဇင်ဘာ ၃၀

မျက်နှာဖုံးရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်စတင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ မျက်နှာဖုံးရုပ်သံဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ထွန်းကိုကိုထံမှ သိရသည်။

အဆိုပါ မျက်နှာဖုံးအမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အေးသီရိကိုက ရေးသားထားခြင်းဖြစ်ပြီး ဖြိုးသဥ္စာကျော်၊ ယုန်လေးနှင့် ယဉ်မင်းခန့်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကျော်သားကြီးက King Wish Film Production အတွက် တာဝန်ယူ ရိုက်ကူးထားခြင်း ဖြစ်သည်ဟုလည်း သိရသည်။

"သွေးကြွေးအတွက် ကလဲ့စားချေဖို့ စတင်ရာက ပေါ်ပေါက်လာတဲ့ အတ္တလောဘ ကြားကနေ မိုးနှောင်း၊ မွန်း၊ နွေသစ်၊ လင်းလက်ဥက္ကာ သူတို့အားလုံး လွတ်မြောက်နိုင်ပါ့မလား။ မုန်းစွဲတွေ ကြီးမားလာတဲ့အခါ အချစ်ရဆုံး ချစ်သူတွေကလဲ ရန်သူတွေ ဖြစ်လာကြပြီး တစ်ယောက်နဲ့ တစ်ယောက် အဆုံးသတ်ဖို့အတွက် ဟန်ဆောင်မျက်နှာဖုံးတွေကို ဘယ်လိုသုံးကြသလဲ ဆိုတာ ဒီဇာတ်လမ်းတွဲမှာ မြင်ကြရမှာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ထွန်းကိုကိုက ပြောပြသည်။




ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဟိန်းဝေယံ၊ ထွန်းကိုကို၊ နေမျိုးအောင်၊ ညီနန္ဒ၊ စိုးပြည့်သဇင်၊ ဆောင်းယွန်းစံ၊အယ်လ်လာရွှေစင်၊ မြတ်ကေသီအောင်၊ သာသာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီ အချိန်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

## ရုပ်ရှင်လောကသားများကို နှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးမည့် အစီအစဉ်အတွက် သရုပ်ဆောင် အေးချမ်းမောင်က ငွေကျပ် ၁၀ သိန်းလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃၀

ရုပ်ရှင်လောကသားများကို နှစ်သစ်ကူးကာလ နှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးမည့် အစီအစဉ်အတွက် ဒီဇင်ဘာ ၂၉ ရက်က သရုပ်ဆောင်အေးချမ်းမောင်က ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များကို နှစ်ဦးအလှူအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ပံ့ပိုးပေးအပ်သွားနိုင်ရန်အတွက် ရုပ်ရှင်လောကသားများနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်များကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ၁၅ ကြိမ်မြောက်နဲ့ နှစ်သစ်ကူးနှစ်ဦးအလှူအဖြစ် ဆန်၊ ဆီနဲ့ စားသောက်ကုန်တွေကို ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ဒီအတွက်လဲ သရုပ်ဆောင်အေးချမ်းမောင်က အလှူငွေကျပ် ၁၀ သိန်းလာရောက်လှူဒါန်းပါတယ်" ဟု ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်နယ်ပယ်အသီးသီးရှိ ရုပ်ရှင်လောကသားများကို ၁၄ ကြိမ်မြောက်အဖြစ် ၂၀၂၄ ခုနှစ် ဧပြီလကလည်း ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပံ့ပိုးပေးအပ်ခဲ့ကြောင်းလည်း သိရသည်။

ASH

# Associations release statements on strong objections and condemnations against terror acts of AA terrorists

**Nay Pyi Taw December 30**

In the ongoing armed conflicts within Rakhine State, as Tatmadaw members took measures to contain retaliatory attacks against AA terrorists for considering the lives of local civilians, they were captured by AA terrorists. Video files show AA terrorists brutally killing Tatmadaw members captured by them were filmed and shared online. Moreover, Tatmadaw members, police members, women, and even children were similarly slaughtered in Kyauktaw Township.

As their inhumane and terror actions in war crimes of AA terrorists are unacceptable, Young Men's Buddhist Association (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu) Association, Islamic Religious Affairs Council Myanmar, Myanmar Press Council, Myanmar Writers' Association, Myanmar Motion Pictures Organization, Myanmar Music Association (Central), Myanmar Artists Organization (Central), Myanmar Theatrical Association (Central), Myanmar Comedians' Association, Myanmar Sports Media Federation, and Pinnaygon Yakhine Jaame Mosque released statements, strongly opposing and condemning these inhumane and terror actions. **100**

## Statement of Young Men's Buddhist Association-YMBA (Central)

**30 December 2024**

1. In Rakhine State, during the ongoing clashes, Tatmadaw members who de-escalated counterattacks in consideration of the safety of locals were arrested by AA terrorists and forced to dig holes in the ground. Moreover, AA terrorists recorded video files and spread them online while they made Tatmadaw members stay in these holes to behead and kill them. They also exploded the ships carrying police force members and families and killed the drowning women and children.
2. The Young Men's Buddhist Association-YMBA (Central) issued this statement strongly condemning the inhumane actions of AA terrorists.

**Young Men's Buddhist Association-YMBA (Central)**

## Statement of Myanmar Interfaith Dialogue Group (Central)

**30 December 2024**

AA terrorists brutally murdered Tatmadaw members who were arrested in clashes in Rakhine State.

The Myanmar Interfaith Dialogue Group (Central) issued this statement strongly condemning the inhumane actions of AA terrorists.

**Executive Committee**
**Myanmar Interfaith Dialogue Group (Central)**

## Statement of Myanmar Evangelical Christian Alliance

**30 December 2024**

AA terrorists brutally murdered Tatmadaw members who de-escalated counterattacks in consideration of the safety of locals in the clashes in Rakhine State.

The Myanmar Evangelical Christian Alliance issued this statement strongly condemning the inhumane actions of AA terrorists.

**Myanmar Evangelical Christian Alliance**

## Statement of Islamic Religious Affairs Council Myanmar

**30 December 2024**

In the ongoing armed conflicts within Rakhine State, Tatmadaw members took measures to contain counterattacks against AA terrorists for considering the lives of local civilians. During this time, video files showing AA terrorists brutally killing Tatmadaw members captured by them were filmed and shared online. It was also discovered that Tatmadaw members, police members, women, and even children were similarly slaughtered in a gruesome and inhumane manner, which is deeply disturbing.

The Islamic Religious Affairs Council Myanmar hereby announces its firm rejection and strong condemnation of the violent and brutal actions committed by AA terrorists. **Islamic Religious Affairs Council Myanmar**

## Statement of Union of Myanmar Methodist Church (Lower Myanmar)

**30 December 2024**

AA terrorists spread videos on social media containing their brutal perpetration of murdering Tatmadaw members who de-escalated counterattacks in consideration of the safety of locals during the clashes in Rakhine State.

The Union of Myanmar Methodist Church (Lower Myanmar)issued this statement strongly condemning the inhumane actions of AA terrorists.

**Union of Myanmar Methodist Church (Lower Myanmar)**

## Statement of Faith Evangelical Church (Bago)

**30 December 2024**

AA terrorists spread videos on social media containing their brutal perpetrationof murdering Tatmadaw members,who de-escalated counterattacks in consideration of the safety of locals during the clashes in Rakhine State.

The Faith Evangelical Church (Bago) issued this statement strongly condemning the inhumane actions of AA terrorists. **Faith Evangelical Church (Bago)**

## Statement of Deliverance Church (Yangon)

**30 December 2024**

It is sorrowful to see that AA terrorists killed Tatmadaw members, police members, and their families during the ongoing armed conflicts in Rakhine State. They have also executed Tatmadaw members in a gruesome manner, with these killings being recorded in video files and spread on social media.

Deliverance Church (Yangon) hereby declares that it completely rejects and strongly condemns the actions of AA terrorists, who have no compassion for human beings. **Deliverance Church (Yangon)**

## Statement of All-Myanmar Hindu Central Council

**30 December 2024**

In the ongoing armed conflicts in Rakhine State, AA terrorists brutally killed the captured Tatmadaw members who controlled counterattacks against AA terrorists by considering the life threats to residents. Videos of these killings are being shared on social media, causing a disturbing sense of unease. Hence, the All-Myanmar Hindu Central Council has issued a statement declaring that it completely rejects these actions and strongly opposes them.

**All-Myanmar Hindu Central Council**

## Statement of Thananta Dhamma Palaka (Hindu) Association

**30 December 2024**

Tatmadaw members who controlled counterattacks against AA terrorists by considering the life threat to residents in the current armed conflicts in Rakhine State were captured by AA terrorists. It is sorrowful to hear that video files of brutally killing these Tatmadaw members were recorded and shared on social media. Moreover, AA terrorists committed terror acts in brutally killing Tatmadaw members, police members, women and children.

The Thananta Dhamma Palaka (Hindu) Association strongly rejects and condemns the inhumane and brutal acts of violence committed by AA terrorists.

**Thananta Dhamma Palaka (Hindu) Association**

*See Page 13*


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

## Statement of All-Myanmar Tamil Hindu Foundation (HQ)
### 30 December 2024

1. It is sorrowful to hear that AA terrorists brutally killed Tatmadaw members due to controlling counterattacks against AA terrorists by considering the life threats to residents in the armed conflicts in Rakhine State. Videos of these killings are being shared on social media. Video files of these executions revealed gruesome and merciless acts.
2. The All-Myanmar Tamil Hindu Foundation (HQ) strongly rejects and condemns the violent and brutal actions committed by AA terrorists.

**All-Myanmar Tamil Hindu Foundation (HQ)**

## Statement of Myanmar Theatrical Association (Central)
### 30 December 2024

It is sorrowful to hear that AA terrorists brutally killed Tatmadaw members who controlled their counterattacks against AA terrorists by considering the life threats to residents in the armed conflicts in Rakhine State. Videos of these killings are being shared on social media. Moreover, Tatmadaw members, police members, their families, women and children were cruelly killed.

Myanmar Theatrical Association (Central) strongly rejects and condemns the inhumane and terror acts committed by AA terrorists.

**Myanmar Theatrical Association (Central)**

## Statement of Myanmar Sports Media Federation
### 30 December 2024

It is with great sadness that we learned that the AA terrorists, taking advantage of the Tatmadaw has exercised restraint in its counter-offensive operations in the ongoing conflicts in Rakhine State,have brutally killed captured Tatmadaw members. In addition, they captured the acts on video and disseminated them online. Not only that, they brutally killing members of the Tatmadaw and the police force, women, and children.

The Myanmar Sports Media Federation expresses its strong opposition and condemnation of such inhumane acts of violence committed by the AA terrorists.

**Myanmar Sports Media Federation**

## Statement of Myanmar Comedians Association (Central)
### 30 December 2024

In the ongoing clashes in Rakhine State, the Tatmadaw has shown restraint in its counter-offensive operations, prioritising the safety of the local population. In contrast, AA terrorists have brutally killed captured Tatmadaw personnel and shared the footage online. They have also carried out vicious killings of Tatmadaw and police members, as well as women and children.

The Myanmar Comedians Association (Central) strongly condemns these inhumane acts of violence committed by the AA terrorists.

**Myanmar Comedians Association (Central)**

## Statement of Myanmar Artists Association(Central)
### 30 December 2024

The ongoing conflicts in Rakhine State have raised concerns for the safety of local ethnic civilians. In light of this, Tatmadaw has exercised restraint in its counteroffensive operations. However, it has come to light that AA terrorist insurgents brutally executed detained Tatmadaw members, capturing the acts on video and spreading them online. Furthermore, reports have surfaced that Tatmadaw members, members of the police force, women, and children have also been inhumanely and cruelly killed by these terrorists, causing profound distress.

The Myanmar Artists and Sculptors Association (Central) strongly condemns and completely rejects such inhumane acts of terrorism perpetrated by AA terrorists. The association has publicly declared its stance, expressing firm opposition to these atrocities.

**Myanmar Artists Association (Central)**

## Statement of Myanmar Music Association (Central)
### 30 December 2024

The Myanmar Music Association condemns the AA terrorist group's brutal acts of violence against those captured in the conflicts and their commission of war crimes.

**Myanmar Music Association (Central)**

## Statement of Pinnaygone Yakhine Jaame Mosque
### 30 December 2024

1. In the ongoing clashes in Rakhine State, the Tatmadaw has exercised restraint during its counter-offensive operations, with the safety of the local population being a top priority. In contrast, AA terrorists have mercilessly killed captured Tatmadaw personnel and disseminated the footage online. They have also carried out brutal killings of members of the Tatmadaw and police, as well as women and children.
2. We fully reject and strongly condemn these inhuman acts of violence carried out by the AA terrorists.

**PinnaygoneYakhineJaame Mosque**

## Condemnation Statement of Myanmar Motion Pictures Organization
### 30 December 2024

1. Myanmar is currently experiencing widespread conflict due to armed terrorists, forcing local populations to flee their homes and seek refuge in various regions.
2. Among these terrorists, the AA group is the most malicious and ruthless:
(A) Captured Tatmadaw members, who were detained for exercising restraint and refraining from returning fire against Rakhine residents, were brutally murdered (Video evidence available).
(B) Evidence shows that AA terrorists inhumanely killed women and children – the families of Tatmadaw and police members.
3. The atrocities mentioned above are clear violations of the Geneva Conventions and constitute war crimes committed with extreme cruelty and brutality. Therefore, the Myanmar Motion Picture Organisation (MMPO) strongly condemns these heinous acts carried out by AA terrorists.

**Myanmar Motion Pictures Organization**

## Statement of Myanmar Writers' Association
### 30 December 2024

1. The Union of Myanmar is a home to over 135 ethnic groups who have been peacefully coexisting. However, Myanmar is currently facing various conflicts. It is observed that these conflicts are being instigated by armed terrorists who are trying to provoke wars.
2. During the conflicts in Rakhine State, the captured Tamadaw members, who were arrested for exercising restraint in returning fire against Rakhine residents were cruelly murdered by AA terrorists. The terrorists spread those video files online. AA terrorists inhumanly also killed women and children, who are the families of the Tatmadaw and police members.
3. The Myanmar Writers' Association strongly denounces the Arakan Army's blatant disregard for the Geneva Convention and its attempts to destabilize Myanmar by seceding and committing war crimes.

**Myanmar Writers' Association**

## Statement of Myanmar Press Council
### 30 December 2024

(1) Since 2023, AA terrorists have attacked the villages, security camps and Tamadaw camps in Rakhine State by using drones, small and heavy weapons. Therefore, Rakhine nationals displaced by the conflict are receiving aid from local Myanmar communities.

(2) Because of the violent attacks, a lot of residents, departmental staff, security members and their family members were killed and injured. During the conflicts, the security forces protected the peace and tranquility of the state with courage and bravery. However, in some cases, some security members were arrested as they exercised restraint for the safety of local people, and were brutally murdered to make inhuman mind warfare.

(3) The most cruel and inhuman action is that the AA terrorists posted video files showing the murder of POWs on social media. Moreover, AA terrorists also cruelly killed women and children, who were the families of Tamadaw members and Police Forces. Their acts are even more cruel than those of IS, violate the Geneva Convention, constitute blatant war crimes.

(4) The Myanmar Press Council denounces the terrorists who are ruthlessly committing war crimes against the people of Rakhine State, threatening the very existence of the Union of Myanmar. We urge everyone to unite in the fight against the AA terrorists until their downfall.

**Myanmar Press Council**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က မော်ရိုကိုသို့ အဆင့်မြင့်တာလတ်ပစ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များရောင်းချပေးရန် သဘောတူခွင့်ပြုပေးခဲ့



အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် မော်ရိုကိုနိုင်ငံသို့ အဆင့်မြင့် တာလတ်ပစ် ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များ(AMRAAM)နှင့် ဆက်စပ်ပစ္စည်းကိရိယာများ ရောင်းချပေးရန် သဘောတူခွင့်ပြုပေးခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရောင်းချပေးရေးခွင့်ပြုချက်သည် အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၃၇ သန်းတန်ဖိုးရှိသည်။ သဘောတူညီချက်တွင် AIM-120C-8 AMRAAM ဒုံးကျည် အစင်း ၃၀၊ ပံ့ပိုးရေးပစ္စည်းများနှင့် မော်ရိုကိုတော်ဝင်တပ်ဖွဲ့များအတွက် လေ့ကျင့်သင်တန်းပေးရေးများ ပါဝင်သည်။ ထို့ပြင် တယ်လီမီတာ တိုင်းတာရေးကိရိယာများ၊ အပိုပစ္စည်းများ၊ လျှို့ဝှက်အဆင့်အတန်းရှိ ဆော့ဖ်ဝဲစနစ်များ၊ နည်းပညာ၊ အုပ်ချုပ်၊ ပံ့ပိုးပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်သည်။

AIM-120C-8 AMRAAM ဒုံးကျည်များကို F-16 72 တိုက်လေယာဉ်သစ်အတွက် ဒီဇိုင်းထုတ်ထားပြီး မော်ရိုကိုနိုင်ငံ၏ နယ်စပ်လုံခြုံရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးစစ်ဆင်ရေးများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်စေလိမ့်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် Tucson မြို့အခြေစိုက် RTX ကော်ပိုရေးရှင်းသည် အဓိကကန်ထရိုက်တာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည်လည်းဖြစ်သည်။ အဆိုပါဒုံးကျည်များ ရောင်းချပေးခြင်းသည် မြောက်အာဖရိကဒေသတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် အရေးပါသော အင်အားစုအဖြစ် ဆက်လက်တည်ရှိနေမည့် NATO အဖွဲ့ဝင်မဟုတ်သော မဟာမိတ်နိုင်ငံ၏ လုံခြုံရေးကို အဆင့်မြှင့်တင်ရန် ကူညီပေးခြင်းအားဖြင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

AMRAAM ဒုံးကျည်များ ရောင်းချခြင်း၏ အတည်ပြုချက်သည် မော်ရိုကိုနှင့် အမေရိကန်တို့ကြား နှစ်နိုင်ငံ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေလိမ့်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ အဆိုအရ မော်ရိုကိုနိုင်ငံသည် အာဖရိကတိုက်၏ စစ်လက်နက်ပစ္စည်းများကို အများဆုံး ဝယ်ယူဖြည့်တင်းနေသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်ထံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံကျော်ဖိုး ဝယ်ယူထားကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းက မော်ရိုကိုနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးကို အဆင့်မြှင့်တင်ရန် အမေရိကန်ထုတ် Army Tactical Missile Systems (ATAC-MS) ဒုံးကျည်ကိုဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့သည်။

မြောက်အာဖရိကဒေသတွင် တည်ရှိသည့် မော်ရိုကိုနိုင်ငံသည် မောင်းသူမဲ့လေယာဉ်များ၊ တိုက်လေယာဉ်များနှင့် အဆင့်မြင့်ကာကွယ်ရေး လက်နက်စနစ်များတွင် ငွေကြေးအကုန်အကျခံ ရင်းနှီးမြှုပ်နှံ၍ ခေတ်မီတပ်မတော်တစ်ရပ် ပိုင်ဆိုင်နိုင်ရေးအတွက် အာရုံစိုက်လုပ်ဆောင်လာလျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် မော်ရိုကိုအစိုးရသည် တပ်ရင်းတပ်ဖွဲ့များ အင်အားတောင့်တင်းခိုင်မာစေရန်၊ မဟာမိတ်ဖွဲ့ပူးပေါင်းလုပ်ဆောင်မှုများ တိုးချဲ့ရန်နှင့် ပြည်တွင်း ထုတ်လုပ်မှုများ၌ အကူအညီပေးအပ်နိုင်ရန် စသည်တို့အတွက် လာမည့် ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထိ တိုးမြှင့်အသုံးပြုသွားရန် စီစဉ်ထားကြောင်း၊ မော်ရိုကိုနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်များ သုံးစွဲခဲ့မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံ၊ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Morocco to Acquire US-Made Advanced Medium-Range Air-to-Air Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက ပြည်တွင်းထုတ် Shchedryk ကင်းထောက်မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသခဲ့

ယူကရိန်းနိုင်ငံသည် ရန်သူ့တပ်များ၏ စစ်ရေးလှုပ်ရှားမှုများကို စောင့်ကြည့်ထောက်လှမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ပြည်တွင်းထုတ် Shchedryk ကင်းထောက်မောင်းသူမဲ့လေယာဉ်(UAV)ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက စစ်ဘက်အသုံးပြုရန် ခွင့်ပြုထားသော အဆိုပါ မောင်းသူမဲ့လေယာဉ်တွင် ထိန်းချုပ်ရေးစခန်းတစ်ခုနှင့် ဆူညံသံနည်းပါးသော လျှပ်စစ်မော်တာများ တပ်ဆင် အသုံးပြုထားသောကြောင့် လျှို့ဝှက်စစ်ဆင်ရေးများအတွက် အကောင်းဆုံး အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်း၏ ဒီဇိုင်းကို စစ်မြေပြင်ရှိ ရုရှားတပ်ရင်း၊ တပ်ဖွဲ့များ အသုံးပြုလျက်ရှိသော အီလက်ထရွန်နစ်စစ်ဆင်ရေး Jammers များ၏ တန်ပြန်ခြိမ်းခြောက်မှုများ ခံနိုင်ရည်ရှိစေရန် အဆင့်မြှင့်တင်ထားကြောင်း သိရသည်။

Shchedryk ကင်းထောက်မောင်းသူမဲ့လေယာဉ်သည် တစ်နာရီလျှင် အမြန်နှုန်း ကီလိုမီတာ ၁၅၀၊ အများဆုံးအကွာအဝေး ကီလိုမီတာ ၄၀ နှင့် အမြင့်လေးကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိပြီး မောင်းသူမဲ့လေယာဉ်၏ မြင်ကွင်းနှင့်ဆိုင်သော အာရုံခံကိရိယာများ၏ စွမ်းဆောင်ရည်များသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ် အများစုအနေဖြင့် ရောက်ရှိရန် ခက်ခဲသော အမြင့်တစ်နေရာမှ လည်ပတ်နိုင်စေသည်ဟု ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dmytro Klimenkov က ပြောကြားသည်။

Shchedryk ကင်းထောက်မောင်းသူမဲ့လေယာဉ်ကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလိုက်ခြင်းသည် ရုရှားတပ်ဖွဲ့များကို တွန်းလှန်တိုက်ခိုက်ရာတွင် နည်းဗျူဟာမြောက် အသာစီးရစေရန် ယူကရိန်းနိုင်ငံက ပြည်တွင်းထုတ် မောင်းသူမဲ့လေယာဉ်များ အရှိန်မြှင့်ထုတ်လုပ်နေချိန်တွင် ထွက်ပေါ်လာခြင်းလည်း ဖြစ်သည်။ တိုက်ခိုက်ရေးနှင့် ကင်းထောက်တာဝန်များအတွက် ရှေ့တန်းစစ်မျက်နှာရှိ တပ်မများသို့ ပြည်တွင်း၌ထုတ်လုပ်ထားသော မောင်းသူမဲ့လေယာဉ် အစင်း နှစ်သိန်းကျော်ပေးပို့ထားပြီးဖြစ်ကြောင်း ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Umerov က ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ယူကရိန်းသမ္မတဇီလန်စကီး၏ အဆိုအရ ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်မှာ ၂၀၂၅ ခုနှစ်တွင် မောင်းသူမဲ့လေယာဉ် လေးသန်းထိ တိုးမြှင့်ထုတ်လုပ်ရန်ဖြစ်ပြီး ကနဦးပန်းတိုင်ထုတ်လုပ်နှုန်း တစ်သန်းထက် ကျော်လွန်နေပြီလည်း



ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ယူကရိန်း၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဝန်ကြီးဌာနသည် နိုင်ငံ့မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လာမည့် ၂၀၂၅ ခုနှစ်အတွက် မောင်းသူမဲ့လေယာဉ်အစင်း ၁ ဒသမ ၈ သန်းအတွက် စာချုပ်များချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

Shchedryk ကင်းထောက်မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသခြင်းသည် ပြည်တွင်း ဒရုန်းထုတ်လုပ်မှုကို သိသိသာသာ အရှိန်မြှင့်တင်ရန်အတွက် ယူကရိန်း၏ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းအားထုတ်နေမှု၏ ရလဒ်များကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။ ရုရှားနှင့် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြားတွင် စစ်ဘက်ဆိုင်ရာနည်းပညာများဖူလုံရေးသို့ မဟာဗျူဟာမြောက် တွန်းအားပေး ဆောင်ရွက်နေမှုများကို ဖော်ညွှန်းပြသလျက်ရှိကာ အစိုးရအနေဖြင့် နှစ်စဉ်မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုစွမ်းရည် မြင့်မားစေရန် ရည်မှန်းချက်ထား ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ukraine Unveils Indigenous Shchedryk Reconnaissance Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၅၅ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇန်းမောက်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၅၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဇန်းမောက်မြို့နယ်မှာ မြေပဲကေ ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိကေ ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ဇန်းမောက်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲများတိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း ဆီစားသုံးမှု ဖူလုံစေပြီး ထုတ်လုပ်မှုနှင့်ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန်၁၄၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

''လက်ရှိကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက် အပြင်ဘိုကလေး၊မော်လမြိုင်ကျွန်းနဲ့ အခြားဒေသတွေက ဝယ်ယူမှုတွေရှိနေလို့ အရောင်းအဝယ်ကောင်းနေပါတယ်။ ကျိုက်လတ်မြို့နယ်က ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ ဒေသထိ လိုက်လံပို့ပေးနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ သန့်စင်ပြီး ထုပ်ပိုးကာ အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်



ကောင်းလာသည့်အတွက် ကွမ်းစိုက်ပျိုးသူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်အတွက် လှိုင်ကမ္ဘာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများက လှိုင်ကမ္ဘာကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က လုပ်ငန်းများအားလုံး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာ၌ အကျယ် လေး လက်မခွဲ၊ အနက်ပေ ၂၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ဆံ့ စင်မြင့်ရေစင်၊ ရေစက်ရုံအောက်ခန်းဖွဲ့ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လှိုင်ကမ္ဘာကျေးရွာရှိ လူဦးရေ ၂၈၀ အတွက် သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာ ရရှိတော့မည် ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၀-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃၀

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သည် ယနေ့နံနက်ပိုင်းတွင် သွားရောက် လက်မှတ်ရေးထိုးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံးသို့ ရောက်ရှိရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံး အကြီးအကဲ မစ္စ ရီတူ ရာဒ့်ါဗ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူးသည် အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံး အကြီးအကဲ မစ္စ ရီတူရာဒ့်ါဗ်နှင့် တာဝန်ရှိသူများကို ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခဲ့ ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာ ထောက်ထားကြောင်း သတင်းစကားအား ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ် စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဒေါက်တာ မန်မိုဟန်ဆင်းသည် အိန္ဒိယ သမ္မတနိုင်ငံဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်ခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**






**ရှေ့ဖုံးမှအဆက်**

လုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင် ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက် ဂိတ်များတွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး ဖျော်ဖြေပွဲဝန်းကျင် နေရာများ၌လည်း လုံခြုံရေးဆောင်ရွက်ပေး လျက်ရှိသည်။

ဖျော်ဖြေကွင်းအတွင်းအလှဓာတ်ပုံရိုက် ရန် Photo Booth များတွင် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ အလှဓာတ်ပုံများ လွတ်လပ်ပေါ့ပါးစွာရိုက်ကြပြီး အချို့မှာ အပျော်တမ်းဂိမ်းကစားနေကြသူ များ၊ ချားရဟတ်စီးနေကြသူများနှင့် ကလေး ကစားကွင်းတွင် ကလေးများပျော်ရွှင်စွာ ပြေးလွှားခုန်ပေါက် ကစားနေကြသည်ကို လည်း မြင်တွေ့ရသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စာရေးသောက်ရေးအဆင်ပြေစွာ ဝယ်ယူ စားသောက်နိုင်ရေးအတွက် စားသောက်ဆိုင် များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင် များအပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ပြီး ဒေသထွက်ကုန်များ၊အစားအစာ များကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေး လျက်ရှိရာ စိတ်ဝင်တစားအားပေးဝယ်ယူ စားသောက်ကြသူများဖြင့် စည်ကားလျက် ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံး များအပြင် Mobile Toilet များထားရှိသည်ကို လည်း တွေ့ရသည်။

ဦးစွာတေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များက Music Band များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်း များဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါးတရလိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား လျက်ရှိသည်။

ထို့နောက် ဇာတ်မင်းသားတင်မောင် ဆန်းမင်းဝင်းအဖွဲ့၏ "သဘင်အကနှင့် လှမည့် ည"ကို ကပြဖျော်ဖြေအပြီးတွင် ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က ''The Gang Of Popular Copy Show''ဖြင့် သီဆိုဖျော်ဖြေ ကြရာ သဘင်ချစ်ပရိသတ်များနှင့် ဂီတကို ချစ်မြတ်နိုးကြသည့် ဂီတချစ်ပရိသတ်များ ကြိတ်ကြိတ်တိုးကြည့်ရှုအားပေးကြသည်။

အလားတူ ဒီဇင်ဘာ ၃၁ ရက်တွင် Coundtdown ရေတွက်မည့် အစီအစဉ် အပါအဝင် ဂီတဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှစတင်၍ နံနက် ၁ နာရီထိ သီဆိုကပြ ဖျော်ဖြေတင်ဆက်သွားကြမည် ဖြစ်ပြီး ဝင်ကြေးကိုအခမဲ့သတ်မှတ်ထားကာ ပွဲတော်သို့လာရောက်ရာတွင် အဆင်ပြေ ချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခုသတ်မှတ် ၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့ အသွား အပြန် ပို့ဆောင်ပေးသွားမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်လည်ပတ်ပါဝင် ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း- လုလင်ပျို၊ဓာတ်ပုံ-ဖိုးပြည့်စုံ**

# မြောင်းမြမြို့နယ် ဓနိုးချောင်းကျေးရွာ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးသင်တန်းအား ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့နယ် ဓနိုးချောင်း ကျေးရွာသို့သွားရောက်ပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်း ပို့ချဆောင်ရွက်ပေးလျက်ရှိသည့် ဒေသ ထွက်ကုန်ကွမ်းသီးဖတ်မှတန်ဖိုးမြင့် လူသုံး ပစ္စည်းများ ထုတ်လုပ်ရေးသင်တန်းသို့ ကြည့်ရှုအားပေးသည်။

မြောင်းမြမြို့နယ်တွင် ကွမ်းသီးစိုက် ၁၄၄၆ ဧကရှိပြီး ဓနိုးချောင်းအုပ်စုအတွင်း၌ ၇၅ ဒသမ ၇၀ ဧက စိုက်ပျိုးထားပြီးဖြစ်ရာ ကွမ်းသီးဖတ်သည် စွန့်ပစ်ပစ္စည်းအနေဖြင့် သာရှိနေသောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပလတ်စတစ်အစားထိုး သုံးစွဲနိုင်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များမှ ဝင်ငွေရရှိရေးတို့အတွက် သင်တန်းပို့ချ ပေးခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကိုပြည်ပ ပို့ကုန်အဖြစ်ဆောင်ရွက်နေသော M Trea-sure ကုမ္ပဏီနှင့် ချိတ်ဆက်၍လည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဓနိုးချောင်းကျေးရွာသူ၊ ကျေးရွာသားများ နှင့်တွေ့ဆုံ၍ မိမိတို့ဧရာဝတီတိုင်းဒေသကြီး အတွင်းဒေသတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန်၊ မိုးစပါး၊ နွေစပါးနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံ များကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားပြီး ဓနိုး ချောင်းကျေးရွာအဝင် လမ်းပြုပြင်ဖောက် လုပ်ပေးရေး တင်ပြချက်အပေါ် လိုအပ်သည် များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်



နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာန အားကစားအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၌ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများအနေဖြင့် တံခွန်စိုက်ဆုဖလား ရယူပေးနိုင်ခဲ့ကြသည့်အတွက် ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဝန်ကြီးဌာနစံချိန်သစ်နှင့် မြန်မာနိုင်ငံစံချိန်သစ်များ တင်နိုင်ခဲ့သည့်အတွက်လည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အားကစားအောင်မြင်မှုနှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ မိမိတို့၏ကြိုးစားမှုရလဒ်များက ကာကွယ်ရေးဝန်ကြီးဌာနအတွက်၊ တပ်မတော်အတွက် ဂုဏ်မြင့်စေသကဲ့သို့ ဝန်ကြီးဌာနအဆင့်မှသည် နိုင်ငံတော်က အားကိုးအားထားပြုရသည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းသည် နိုင်ငံတော်အတွက် ဖြစ်သည်ဆိုသည့် စိတ်ဓာတ်ကို မွေးမြူပြီး ဆက်လက်ကြိုးစားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဆုရအားကစားအသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများချီးမြှင့်ပေးအပ်ပြီး အောင်ပွဲရအားကစားအသင်းများက လွှဲပြောင်းပေးအပ်သည့် တံခွန်စိုက်ဆုဖလားကြီးအား လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားနည်းခြောက်မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၀ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ဆွတ်ခူးခဲ့၍ ဝန်ကြီးဌာနပေါင်းစုံတံခွန်စိုက်ဆုဖလားရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်၊ ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်လှစ်

ပုသိမ် ဒီဇင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်တွင်ကျင်းပသည့် (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ကရင်အမျိုးသားအလံအားသယ်ယူရေးအဖွဲ့က သယ်ယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ကာ မင်္ဂလာဖားစည်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကရင်အမျိုးသားအလံအားလွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကရင်အမျိုးသားအလံအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်အမျိုးသားသီချင်းကိုသီဆို၍ အခမ်းအနားကိုရုပ်သိမ်းကာ ကရင်ဒုံးယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြောင်းမြမြို့နယ် ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်ပွဲအခမ်းအနားကိုပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် မတည်အလှူရှင် ဦးမျိုးဝင်းအောင်တို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဂဝံလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။




ထို့နောက် (၈၇)နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုယ်စား မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာဘိရတနှင့် ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များကိုယ်စား ဘုန်းတော်ကြီး ဟင်နရီမန်းအိုင်ခလိန်တို့က နှစ်သစ်နှုတ်ခွန်းဆက်စကားများပြောကြား၍ ဆုတောင်းမေတ္တာများပို့သကာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က ဖတ်ကြားပြီး တိုင်းဒေသကြီးကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့အကြောင်း သိကောင်းစရာများနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆုရကရင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကရင်အမျိုးသားတေးသီချင်းကို စုပေါင်းဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# လွတ်လပ်ပြီးတဲ့နောက်

**ဗမာတွေ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကိုမလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနှင့်သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်တော့ဘူး။**

(၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ ညနေ ၆ နာရီ ၃၃ မိနစ်အချိန်တွင် အသံလွှင့်ဌာနမှနေ၍ ဗိုလ်ချုပ်အောင်ဆန်း တိုင်းပြည်ကို အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

၅.၄.၁၉၄၇

## ရန်ကုန်တိုင်းဒေသကြီး၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီနာယက ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။




ဦးစွာ ကရင်အမျိုးသားအလံကို ကရင်လူငယ် ကိုးဦးက ကြွချီမှုတ်၍ လွှင့်တင်ကာ အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင်နှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ဖားစည် ကိုးချက်တီးပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ကရင်နှစ်သစ်ကူး နှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကရင်အမျိုးသား နှစ်သစ်ကူးနေ့အကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးရိုးမတောင်ပေါ်နေ ကရင်လူမျိုးများ၏ ကရင်ရိုးရာအိုးစည်အက၊ ကွမ်းခြံကုန်းမြို့နယ် ကရင်ရိုးရာဒုံးအက၊ မှော်ဘီမြို့နယ် ကရင်ရိုးရာဝါးညှပ်အက၊ မှော်ဘီမြို့နယ် ကရင်ရိုးရာကြိုးကျစ်အက၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် ရွာလဖလုံ(လူပျိုကြီးဒုံး)အကနှင့်မှော်ဘီမြို့နယ် ကရင်ရိုးရာဒုံးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၅၀ ကိုပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲများဖြစ်ကြသည့် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ချောတိုင်တက်ပြိုင်ပွဲနှင့်လက်ဝှေ့ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်ပနိုင်ငံများမှာ ခိုလှုံခွင့်ရရှိစေရေး အသည်းအသန်ကြိုးစားနေရတဲ့ သစ္စာဖောက် ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ”**ခေါင်းစဉ်ဖြင့် ၁-၁-၂၀၂၅ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အနောက်မျှော် မီဒီယာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူ အချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခြင်း၊ အဆိုပါလည်လှီးသတ်ဖြတ်နေသည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်းပြုလုပ်လျက်ရှိသည်။ ထို့ပြင် ကျောက်တော်နယ်မြေ၌လည်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ လိုက်ပါလာသော သင်္ဘောကိုလည်း ပစ်ခတ်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏စ စ်ရာဇဝတ်မှု(War Crime)မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီနှင့်တို့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခြင်း၊ အဆိုပါ လည်လှီးသတ်ဖြတ်နေသည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်းကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခဲ့ကြပြီး အဆိုပါသတ်ဖြတ်နေမှုများကို Video Fileများ ရိုက်ကူး၍ လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလိုက်ပါလာသော သင်္ဘောကိုလည်း ပစ်ခတ်ဖျက်ဆီးပြီး ရေနစ်နေသည့် ကလေးငယ်များနှင့် အမျိုးသမီးများကိုလည်း ရက်စက်စွာသတ်ဖြတ်ခြင်း ပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့် လုပ်ရပ်များကို မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

ရခိုင်ပြည်နယ်၌ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ လိုက်ပါလာသော သင်္ဘောကို ဖောက်ခွဲခဲ့ပြီး ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း သတ်ဖြတ်ခဲ့ကြောင်း၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ကျင်းတူးခိုင်းပြီး မြေကျင်းထဲထည့်ကာ ရက်စက်စွာ လည်လှီးသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည်ကို Video ရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

AA အကြမ်းဖက်သမားများသည်ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလိုက်ပါလာသော သင်္ဘောကိုလည်း ပစ်ခတ်ဖျက်ဆီးပြီး ရေနစ်နေသည့် ကလေးငယ်များနှင့် အမျိုးသမီးများကို ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခဲ့ကြပြီး အဆိုပါသတ်ဖြတ်နေမှုများကို Video Fileများ ရိုက်ကူး၍ လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့်လုပ်ရပ်များကို လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

AAအကြမ်းဖက်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ဆင်းခိုင်းကာ လည်လှီးသတ်ဖြတ်ခြင်း ရာဇဝတ်မှုကို ကျူးလွန်ခဲ့သည်။ ထို့ပြင် ကျောက်တော်နယ်မြေ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ လိုက်ပါလာသော သင်္ဘောကိုလည်း ဖောက်ခွဲပြီး ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များကိုလည်း သတ်ဖြတ်ခဲ့ကြပါသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများအပေါ် စာနာထောက်ထားပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကိုယ်တိုင်ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ ရက်စက်စွာလည်လှီးသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည့် Video File များကို ဖြန့်ဝေခြင်းတို့ကို စိတ်မကောင်းစွာတွေ့ရှိခဲ့ရပါသည်။

ယခုကဲ့သို့ လူမဆန်သည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်အဖွဲ့အစည်းအား ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ကျင်းတူးခိုင်းပြီး မြေကျင်းထဲထည့်ကာ ရက်စက်စွာလည်လှီးသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည်ကို Video များရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေလျက်ရှိရာ စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းကာ မြေကျင်းထဲတွင်လည်လှီးပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူးကာ Online ပေါ်တွင်ဖြန့်ဝေခြင်းနှင့် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိသည့် လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲတွင် လည်လှီးကာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသောသင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက် လူမဆန်စွာသတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိမှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်းသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား မြေကျင်းတူးခိုင်း၍ ကျင်းထဲ၌ လည်လှီးပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ ကျောက်တော်နယ်မြေ၌လည်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသော သင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှုကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းကာ မြေကျင်းထဲတွင် လည်လှီးကာ သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ လူမှုကွန်ရက် Online တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသော သင်္ဘောများကိုလည်းလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူသားမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာ လူမဆန်စွာသတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသောသင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာပြုမူဆောင်ရွက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

## သနင်္ခဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲတွင် လည်လှီးကာ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသော သင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိမှုအပေါ် သနင်္ခဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနင်္ခဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသည့် ဒေသအချို့ရှိ တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက မြေကျင်းတူးခိုင်း၍ ကျင်းထဲ၌ လည်လှီးပြီး လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသော သင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း လူမဆန်စွာသတ်ဖြတ်ခဲ့မှုကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ ဓားဖြင့် ရက်စက်စွာလည်လှီးသတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစီးနင်းလာသော သင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာပြုမူလုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်

ပဋိပက္ခများအတွင်း ဖမ်းဆီးရမိသည့်သူများအပေါ် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသည့် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

(၁) AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်မှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် လုံခြုံရေးစခန်းများ၊ တပ်မတော်စခန်းများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ယနေ့ထက်တိုင် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ထိုသို့တိုက်ခိုက်ရာတွင် စစ်ကိုမလိုလားသော ဒေသခံရခိုင်တိုင်းရင်းသားပြည်သူများအနေဖြင့် နေရင်းနေရပ်များကို စွန့်ခွာသွားကြရပြီး အဆိုပါရခိုင်တိုင်းရင်းသားများရောက်ရှိရာ မြို့ရွာဒေသများတွင် ဒေသခံမြန်မာပြည်သူများက ကူညီဖေးမပေးလျက်ရှိသည်။

(၂) AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေဒေသတည်ငြိမ်ရေးအတွက် စွန့်လွှတ်စွန့်စား ရဲစွမ်းသတ္တိများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် ဒေသခံပြည်သူများအား ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့အနေဖြင့် AA အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်မှုခံခဲ့ရပြီး လူသားချင်းမစာနာသည့် လူမဆန်သောရာဇဝတ်မှုများ ယုတ်မာစွာကျူးလွန်နေသည်ကို တွေ့ရသည်။

(၃) အဆိုးရွားဆုံးနှင့်အယုတ်မာဆုံးမှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် တိုက်ပွဲအတွင်း ဖမ်းဆီးထားသော စစ်သုံ့ပန်းများကို ရက်ရက်စက်စက်သတ်ဖြတ်ပြီး ဗီဒီယိုရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင်တင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကျောက်တော်နယ်မြေ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ မိသားစုဝင်များစီးနင်းလိုက်ပါလာသော သင်္ဘောကိုဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးပြီး ရေထဲတွင်မျောပါနေသည့် အမျိုးသမီးနှင့်ကလေးငယ်များပါမကျန် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများ ရက်စက်မှုထက်ပိုမိုဆိုးရွားပြီး ဂျီနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်သည့်စစ်ရာဇဝတ်မှု(War Crime) မြောက်သော လူမဆန်သည့်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်းကျူးလွန်လျက်ရှိသည်။

(၄) နှစ်ပေါင်းထောင်ချီတည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်ဖျက်ဆီးနေသည့်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အေးချမ်းသာယာလှပသည့် ရခိုင်ပြည်နယ်ကြီးကို ပျက်စီးအောင်ပြုလုပ်နေသည့်၊ ဂျီနီဗာကွန်ဗင်းရှင်းကိုဖောက်ဖျက်ပြီး စစ်ရာဇဝတ်မှုများကို ရက်ရက်စက်စက်ကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများ အမြန်ဆုံးချုပ်ငြိမ်းအောင်တိုက်ဖျက်ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုများကို ရက်စက်စွာကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၃၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Face-book Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ အတူတကွငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံရင်ဆိုင်လျက်ရှိပြီး ယင်းသို့ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများမဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်ကို တွေ့မြင်ကြားသိရပါသည်။

၂။ ထိုသို့ လက်နက်ကိုင်ပြီးဆန့်ကျင်နေသည့် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့အစည်းသည် ရခိုင်ပြည်နယ်အတွင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ပုံရိပ်များကို အွန်လိုင်းပေါ်တွင် လွှင့်တင်ခဲ့ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသော သင်္ဘောကိုဖောက်ခွဲ၍ ရေနစ်နေသည့် မိသားစုဝင်အမျိုးသမီးများနှင့် ကလေးသူငယ်များကိုလည်း ထပ်မံသတ်ဖြတ်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် ဂျီနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ရန်ကြိုးစားနေသော ဒေသခံလူတချို့နှင့် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ပြီး နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုများနှင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုပြိုကွဲအောင်လုပ်ဆောင်နေသည့် စစ်ရာဇဝတ်မှုကျူးလွန်နေသော ရခိုင်သူပုန် AA အဖွဲ့အား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

၁။ လက်နက်ကိုင်သူပုန်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး စစ်ပွဲများဖြစ်ပေါ်လျက်ရှိရာ ဒေသလူထုသည် အိုးအိမ်စွန့်ခွာ၍ ဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင်ဒုက္ခရောက်လျက်ရှိကြသည်။

၂။ ထိုလက်နက်ကိုင်သူပုန်အဖွဲ့များထဲတွင် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့သည် အရက်စက်ဆုံးအဖွဲ့ဖြစ်ကြောင်းကို

(က) ရခိုင်လူထုကိုငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ကျင်းတူးခိုင်းပြီး လည်လှီးသတ်ကာ ကျင်းထဲသို့ပစ်ချခြင်း။ (Video File သက်သေ)

( ခ ) တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား သယ်ဆောင်လာသည့်သင်္ဘောကိုဖောက်ခွဲ၍ ရေနစ်နေသော အမျိုးသမီးများနှင့် ကလေးများကိုသတ်ဖြတ်ခဲ့ကြခြင်းစသည့်လုပ်ရပ်များကို အထောက်အထားများအရ သိရှိရသည်။

၃။ အထက်ပါ ရက်စက်ကြမ်းကြုတ်မှုများသည် ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ပြီး စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ရက်ရက်စက်စက် လုပ်ဆောင်နေခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒီဇင်ဘာ ၂၂ ရက်မှ ၂၉ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၂၉ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၁၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကြောင်းထိုးကာ ပြည်သူဦးရေ ၂၅၀ ကျော်ကိုဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်အတွင်း စစ်ကြောင်းထိုးကာ ပြည်သူဦးရေ ၂၅၀ ကျော်ကိုဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့်ဆိုင်ကယ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဘုတလင်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများမလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊စည်းစိမ်ကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းများမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများကသာ ၎င်းတို့နှင့်အမြင်မတူသည့် ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများ၊ဒေသခံပြည်သူများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ကျေးရွာ၊ရပ်ကွက်များကို မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သည်ဟု ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




☆ **ကျောဖုံးမှအဆက်**

တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၇၂၂၄၀၂ ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၇၀၂၈၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာ သည့် Dong Feng Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၆၈၉၂၆၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီအရေး ယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး ၂ ဒသမ ၈၈၀ တန်၊ ကျွန်းသစ် သုည ဒသမ ၅၅၅ တန်၊ သစ်မာ သုည ဒသမ ၁၉၂ တန်၊ အခြားသစ် သုည ဒသမ ၉၂၉ တ န် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၅ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၅၃၀၀၄၉ ကို ဖမ်းဆီးရမိခဲ့သည်။တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ သတင်းရရှိသည်။ **(သတင်းစဉ်)**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် မောင့်ဂိုမာရီကောင်တီတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် မောင့်ဂိုမာရီကောင်တီတွင် ဒီဇင်ဘာ ၂၉ ရက်က အားကောင်းသည့်မုန်တိုင်း တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့ လဲကျကာ လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း မေရီလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် မောင့်ဂိုမာရီကောင်တီတွင် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်ပေါင်း ၁၀၀၀၀၀ ကျော်ရှိနေကြောင်း မေရီလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ညအချိန် ရုတ်တရက် မုန်တိုင်းဝင်ရောက်လာတဲ့အတွက် တော်တော်လေး အထိတ်တလန့်ဖြစ်ခဲ့ရတယ်။ မုန်တိုင်းတိုက်ခတ်ခဲ့ပြီး အချိန်အနည်းငယ်အတွင်းမှာ လျှပ်စစ်မီးတွေ ပြတ်တောက်ခဲ့ပြီး ရုတ်တရက် မှောင်ကျသွားတယ်။ ဘယ်အချိန်မှ ပြန်ပြင်ပေးမလဲဆိုတာမသိသေးပါဘူး”ဟု မောင့်ဂိုမာရီကောင်တီမှ ဒေသခံတစ်ဦးဖြစ်သူ ရစ်ချာဆန်က နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြင့်ရင်ဆိုင်ခဲ့ရသည့် ဧရိယာများမှာ စီစီလ်ဧရိယာ၊ ပိုင်လမ်းနှင့် ဟုပ်ဟူးလ်ဧရိယာတို့ဖြစ်ကြောင်း မေရီလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အီရန်နိုင်ငံတွင် လေထုညစ်ညမ်းမှုမြင့်တက်ခဲ့သဖြင့် လူအများအပြား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွား၍ ဆေးရုံတက်ရောက်ကုသခဲ့ရ

**တီဟီရန် ဒီဇင်ဘာ ၃၀**

အီရန်နိုင်ငံတွင် ပြီးခဲ့သော သီတင်းနှစ်ပတ်အတွင်း လေထုညစ်ညမ်းမှု မြင့်တက်ခဲ့သဖြင့် လူအများအပြား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားပြီး ဆေးရုံသို့ တက်ရောက်ကုသခဲ့ရကြောင်းသက်ဆိုင်ရာအာဏာပိုင်များ၏ ဒီဇင်ဘာ ၂၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် ပြီးခဲ့သော သီတင်းနှစ်ပတ်အတွင်း လေထုညစ်ညမ်းမှုများ ဆက်တိုက် မြင့်တက်ခဲ့သဖြင့် မြို့တော်အတွင်း လူဦးရေ ၁၅၀၀ ကျော် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် နှလုံးရောဂါများကြောင့် ဆေးရုံတက်ရောက်ကုသခဲ့ကြရကြောင်း သိရသည်။

“မြို့တော်တီဟီရန်မှာ ဒီဇင်ဘာ ၂၉ ရက်ထိ လေထုအခြေအနေဟာ လိမ္မော်ရောင်သတိပေးချက်အဆင့်မှာပဲရှိနေပြီး အသက်အရွယ်ကြီးသူတွေ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအတွက် အန္တရာယ်ရှိတဲ့အခြေအနေမှာရှိနေဆဲပါပဲ”ဟု ကျန်းမာရေးဝန်ကြီး မိုဟာမက်ဒရီဇာ ဇာဖာဂန်ဒီက ပြောကြားခဲ့ကြောင်း သိရသည်။



တီဟီရန်မြို့တော်တွင် လေထုညစ်ညမ်းမှုကြောင့် လိမ္မော်ရောင်အဆင့်သတိပေးချက်ကို ထုတ်ပြန်ထားရဆဲဖြစ်ပြီး ကျန်းမာရေးနှင့် မညီညွတ်သော ထိလွယ်ရှလွယ်ဖြစ်သည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ဟု အီရန်နိုင်ငံပိုင် လေအရည်အသွေးထိန်းချုပ်ရေးကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ လေထုအရည်အသွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော လေထုအရည်အသွေး ညွှန်းကိန်းများထက် သုံးဆခန့်မြင့်တက်လျက်ရှိပြီး လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ ၄၀၀၀၀ ခန့် အသက်ဆုံးရှုံးနေရကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းခဲ့သော သစ်တောမြေဟက်တာ ၁ ဒသမ ၀၈ သန်းရှိခဲ့

**အော့တဝါ ဒီဇင်ဘာ ၃၀**

ကနေဒါနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်နယ်အမြောက်အမြားရှိခဲ့ပြီး အဆိုပါပြည်နယ်များအနက် ဗြိတိသျှကိုလံဘီယာပြည်နယ်၌ တောမီးလောင်ကျွမ်းခဲ့သော သစ်တောမြေဟက်တာ ၁ ဒသမ ၀၈ သန်း ရှိခဲ့ကြောင်း ကနေဒါသစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့် အကြိမ်ရေ ၁၆၈၈ ကြိမ်ထိ ရှိခဲ့ပြီး တောမီးလောင်ကျွမ်းမှု အခြေအနေများကိုလည်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သဘာဝအလျောက် လောင်ကျွမ်းခဲ့သည့် တောမီးလောင်ကျွမ်းမှုမှာ ၇၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ၃၀ ရာခိုင်နှုန်းမှာ လူသားတို့၏ မီးပေါ့ဆမှုကြောင့် ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ဂေဟစနစ်ပျက်စီးမှုနှုန်းမြင့်မားခဲ့ကြောင်း ကနေဒါသစ်တောရေးရာ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

“၂၀၂၄ ခုနှစ်အတွင်း ကနေဒါနိုင်ငံမှာ တောမီးလောင်ကျွမ်းမှုတွေ ရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်တွေ အများကြီးရှိပါတယ်။ တောမီးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်တွေအနက် အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်ကတော့ ဗြိတိသျှကိုလံဘီယာပြည်နယ်ဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းခဲ့တဲ့ သစ်တောမြေဧရိယာဟာ ဟက်တာ ၁ ဒသမ ၀၈ သန်းထိ ရှိခဲ့ပြီး တောမီးလောင်ကျွမ်းခဲ့တဲ့ အကြိမ်ရေ ၁၆၈၈ ကြိမ်ထိ ရှိခဲ့ပါတယ်။ ၇၀ ရာခိုင်နှုန်းသောတောမီးလောင်ကျွမ်းမှုက သဘာဝအလျောက် လောင်ကျွမ်းတာဖြစ်ပြီး ၃၀ ရာခိုင်နှုန်းကတော့ မီးပေါ့ဆမှုကြောင့် ဖြစ်ပါတယ်။ ဗြိတိသျှ ကိုလံဘီယာပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်တွေ အနေနဲ့ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားခဲ့ကြပါတယ်”ဟု ကနေဒါ သစ်တောရေးရာဝန်ကြီး ရာဗီပါမာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ယူဂန်ဒါနိုင်ငံ နာဘီလာတော့ခရိုင်တွင် တောမီးကူးစက်မှုကြောင့် ကျေးရွာသုံးရွာရှိ ဒေသခံဦးရေ ၅၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ကမ်ပါလာ ဒီဇင်ဘာ ၃၀**

ယူဂန်ဒါနိုင်ငံမြောက်ပိုင်း နာဘီလာတော့ခရိုင်တွင် ဒီဇင်ဘာ ၂၈ ရက်က တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ကျေးရွာသုံးရွာရှိ ဒေသခံ ဦးရေ ၅၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ခရိုင်တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ယူဂန်ဒါနိုင်ငံမြောက်ပိုင်း နာဘီလာတော့ခရိုင်တွင် တောမီးလောင်ကျွမ်းရာမှ နဝိတ်၊ မော်ဒန်၊ လုံနန်ဂတ်ကျေးရွာတို့ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ကျေးရွာသုံးရွာစလုံးပျက်စီးဆုံးရှုံးခဲ့ကာ လူဦးရေ ၅၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကာ သန်းနှင့်ချီသော ငွေကြေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

“အမဲလိုက်တဲ့ လူငယ်တွေကြောင့် တောမီးလောင်ကျွမ်းပြီး ကျေးရွာတွေကို မီးကူးစက်လောင်ကျွမ်းတာလို့ သုံးသပ်ရပါတယ်။ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပြီး မီးဘေးသင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ပါဝင်ကူညီကြဖို့ တိုက်တွန်းလိုပါတယ်”ဟု နာဘီလာတော့ခရိုင်ခဲ့ ဥက္ကဋ္ဌဖြစ်သူ အီမန်နျူရယ်လောင်ဂက်စ်က ပြောကြားခဲ့သည်။

မီးကူးစက် လောင်ကျွမ်းမှုသည် လေးနာရီခန့် ကြာမြင့်ခဲ့ပြီး မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ကူးစက်လောင်ကျွမ်းမှုကြောင့် စားနပ်ရိက္ခာများနှင့် အိမ်အသုံးအဆောင်များ အပါအဝင် သိသိသာသာထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး မီးလောင်ရသောအကြောင်းရင်းနှင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ အကဲဖြတ် စစ်ဆေးနေဆဲဖြစ်ကြောင်း နာဘီလာတော့ခရိုင်ခဲ့ ဥက္ကဋ္ဌဖြစ်သူ အီမန်နျူရယ်လောင်ဂက်စ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ဂျပန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ ဖွဲ့စည်းသွားမည်

**တိုကျို ဒီဇင်ဘာ ၃၀**

ဂျပန်နိုင်ငံသည် သဘာဝဘေးအန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်ရလေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ပြီးချိန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ခွဲဝေမှုပိုင်းအတွက် အချိန်ယူ၍ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကိစ္စရပ်အားလုံးကို စီမံခန့်ခွဲမည့် အေဂျင်စီ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သဘာဝဘေး အန္တရာယ်ဖြင့် ရင်ဆိုင်ရချိန်နှင့် ရင်ဆိုင်ရပြီးချိန်၌ ကယ်ဆယ်ရေးလုပ်ငန်းတာဝန်များနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် အခြားသော သဘာဝဘေးဒဏ်များထက် ငလျင်အန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရသည့်နိုင်ငံဖြစ်ပြီး ငလျင်ကြောင့် နှစ်စဉ်နှစ်တိုင်း ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရလေ့ရှိကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့သည်။

“ကျွန်တော်အကောင်အထည်ဖော်ချင်နေတာ ကြာပြီဖြစ်တဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီကို စတင်ဖွဲ့စည်းတော့မှာဖြစ်ပါတယ်။ သဘာဝဘေးဒဏ်နဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို အေဂျင်စီက တာဝန်ယူဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်”ဟု ဂျပန်ဝန်ကြီးချုပ် အိုင်ရှီဘာက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ငလျင်လှုပ်ခတ်မှုဖြင့် ရင်ဆိုင်ခဲ့ရပြီး ၂၀၁၆ ခုနှစ်တွင် ဂျပန်နိုင်ငံအနောက်တောင်ဘက်ပိုင်း ကူမာမိုတိုစီရင်စုတွင် ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၂၂၀ ထက်မနည်း ဖြစ်ပွားခဲ့သကဲ့သို့ ဂျပန်နိုင်ငံ အလယ်ပိုင်း နိုတိုကျွန်းဆွယ်တွင် ငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၂၅၀ ထက်မနည်း လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# စုတ်ချက်ရယ်တဲ့ မပီလေတယ်

ယဉ်အောင်ဟိန်း




**ယမန်နေ့မှအဆက်**

ဒီလို လုပ်ကြတာက ဆွေမျိုးတောင့်တင်းသူနဲ့ လူမိုက်မျိုးနွယ်တွေက အများဆုံးလုပ်တတ်ကြတယ်။ သာခင်ကတော့ သူ့မှာ ဘာအင်အားမှ မရှိပါဘူး။ မြလေးဖြူကို ချစ်လွန်းလို့ ကြံရတာပါ။

(၄)

"သာခင်ရေ လာဟေ့ ထမင်းစားရအောင်"

သာခင်တို့ရောက်ပြီး ထမင်းတစ်အိုးချက်လောက်ကြာတော့ အရီးလေးဂွက်ထော်က ထမင်းခေါ်ကျွေးတယ်။

"ကျေးဇူးပါပဲ အရီးလေးရယ်"

"ကျေးဇူးတင်စရာ မလိုပါဘူးဟယ်။ ကိုယ့်တူကိုယ့်သားပဲ ငါတူမကြီးစားနော် အားမနာနဲ့"

မြလေးဖြူက ခေါင်းလေးငြိမ့်ပြပြီး ရှက်လို့မျက်နှာအောက်ငုံ့ထားတယ်။ သာခင်တို့ထမင်းစားမလို့ ပန်းကန်ထဲ လက်စိုက်လိုက်တဲ့အချိန်မှာ လမ်းပေါ်မှာ ခွေးဟောင်းသံ မြင်းခွာသံတွေ ဆူညံသွားတယ်။

"ဦးညီပု ဗျို့ ဦးညီပု တံခါးလုပ်ပေးပါ။ ဦးညီပု တံခါးလာလုပ်ပါ"

သာခင်က မြလေးလက်ကိုဆွဲပြီး ထမင်းပွဲပြင်ထားတဲ့ကွပ်ပျစ်ပေါ်က ခုန်ချလိုက်တယ်။ ဦးညီပုက သာခင်တို့ဆီ ပြေးလာပြီး နောက်ဖေးဘက်ခေါ်သွားတယ်။ နောက်ဖေးရောက်တော့ ဖြစ်ညှပ်ရိုးပေါ် ကပ်ကြမ်းကြီးတစ်ချပ်တင်နင်းပြီး သာခင်တို့ ပြေးဖို့လမ်းလုပ်ပေးတယ်။

"ဒီတစ်ခါတော့ မြလေးသေရတော့မယ်နဲ့ တူပါတယ် ကိုသာခင်ရယ်..အီး..အီး..အီး"

"မကြောက်ပါနဲ့ မြလေးရယ် အစ်ကိုတို့ လွတ်အောင်ပြေးတာပေါ့။ ကြယ်နီအခြေအနေကြည့်နောက်ကလိုက်ခဲ့ကွာ"

"သာခင်ရွာပြင်ရောက်အောင်ပြေး ရွာပြင်က ပြောင်းခင်းထဲ အမြန်ဝင်ကွ"

"အေး အေး အဲဒီအကြံ အကောင်းဆုံးပဲ"

ပြောင်းခင်းအတွင်းတိုးဝင်ပြီး စိတ်ချရလောက်တဲ့နေရာရောက်တော့ မြလေးဖြူ ပခုံးလေးကိုင်ပြီး ထိုင်ချလိုက်တယ်"

"မြလေးတို့ ဒီမှာနေရင် လွတ်မယ်မထင်ပါဘူး ကိုသာခင်ရယ်"

"လွတ်နိုင်ပါတယ် မြလေးရယ်။ အစ်ကိုတို့ ဒီအထဲရှိတယ်ဆိုတာ မသိနိုင်ပါဘူး။ မြလေးတို့အဖေက ဦးကြီးအိမ်မှ မတွေ့ရင် အစ်ကိုအလုပ်လုပ်တဲ့ ရွာဘက်လိုက်ကြမှာပါ"

"အဟီး...အီး မြလေး ကြောက်တယ် ကြောက်တယ် ကိုသာခင်ရယ်"

မြလေးဖြူ ကြောက်လွန်းလို့ သာခင်ရင်ခွင်ထဲ အတင်းတိုးဝင်လာတယ်။ သာခင်က အလိုက်သင့် ထွေးပွေ့လိုက်တော့ ချစ်သူနှစ်ဦး ရင်ခုန်သံချင်း ပေါင်းစပ်ဖလှယ်မိလျက်သား ဖြစ်သွားကြတယ်။

"မြလေးရယ် အစ်ကို့ကို ခွင့်လွှတ်ပါနော်။ မြလေးကို ချစ်လွန်းလို့ ကြံမိကြံရာ ကြံခဲ့တာပါ။ မြလေး အခုလို ဒုက္ခရောက်ရတာ အစ်ကို့ အပြစ်ပါ။ အစ်ကို ယူကြုံးမရ ဖြစ်ရပါတယ်ကွယ်"

ချစ်သူနှစ်ဦးပါးချင်းအပ်ပြီး တိုးနိုင်သမျှ တိုးတဲ့ လေသံနဲ့ ပြောနေကြတယ်။ ခပ်လှမ်းလှမ်းမှာ ထိုင်နေတဲ့ကြယ်နီက လွတ်မြောက်ပြီဆိုတဲ့ အတွေးနဲ့ သူငယ်ချင်းအတွက် ဝမ်းသာပီတိတွေဖြစ်ကာ အမှောင်ထဲမှာ ပြုံးနေတယ်။

(၅)

ခဏကြာတော့ မန်ကျည်းကုန်းရွာဘက်ဆီက အပြင်းမောင်းထွက်လာတဲ့ မြင်းခွာသံတွေ ကြားရတယ်။ တဖြည်းဖြည်း သာခင်တို့ပုန်းနေတဲ့ ပြောင်းခင်းနဲ့နီးလာပြီး မြင်းခွာသံရော လူသံတွေပါ ကျယ်သထက်ကျယ်လောင်လာတယ်။

"သူတို့ ဘယ်လို ပုန်းပုန်း ကျုပ်တို့လက်ထဲက ပြေးမလွတ်ပါဘူး ဘထွေးရာ"

"တွေ့လို့ကတော့ ဒီကောင်ကို ငါကိုယ်တိုင် သတ်မယ်"

"ဦးလေး သတ်စရာမလိုပါဘူး။ ကျုပ် တာဝန်ထားပါ"

မြလေးဖြူ အဖေနဲ့ လူမိုက်စိန်ကြီးတို့ အုပ်စု အပြန်အလှန် ပြောသံတွေ ကြားရတော့ မြလေးဖြူ ကြောက်လွန်းလို့ သာခင်ရင်ဘတ်ကို အတင်းကုပ်ဆွဲထားတယ်။

"ကိုသာခင် ကျုပ်တို့ အသတ်ခံရတော့မယ် အဟီး...အီး...အီး မြလေးကို ထားခဲ့ပါ။ ကိုသာခင် သာလွတ်အောင် ပြေးပါတော့ ကိုသာခင်ရယ်"

"အစ်ကို ဘယ်မှ မပြေးဘူး။ သေလဲအတူ ရှင်လဲအတူ မြလေးအနားက တစ်ဖဝါးမှ မခွာဘူး။ ကြုံလာတဲ့ အန္တရာယ် လည်စင်းခံမယ်"

"ဟေ့ကောင်တွေ ရွာသစ်ဘက်ကို မောင်းကြ။ အဲဒီရောက်ရင် ကံမောင် အိမ်ကိုဝိုင်းကြ ဒီကောင်တွေ အဲဒီအိမ်မှာရှိမှာ သေချာတယ်"

ပြောင်းခင်းဘေးလမ်းပေါ်ဖြတ်မောင်းသွားတဲ့ မြင်းခွာသံတွေ၊ လူသံတွေ ဆူညံရာက တဖြည်းဖြည်း ဝေးဝေးပြီး ပျောက်ကွယ်သွားတယ်။

"အစ်ကိုတို့ လွတ်ပြီ မြလေးရယ်။ ပျော်လိုက်တာကွယ်"

ကြယ်ရောင်အောက်က ချစ်သူမျက်နှာလေးကို ရွှန်းရွှန်းစားစား ကြည့်ရင်းပြောကာ မြလေးဖြူကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိတယ်။ ချစ်သူနှစ်ဦးရင်တွင်းမှာ ကြည်နူးမှုတွေ ကိုယ်စီခံစားနေကြတယ်။

(၆)

"တုံး...တုံး...တုံး"

"သာခင် တောရကျောင်းက အုန်းမောင်းခေါက်ပြီကွ။ ဒီအချိန် ကားဂိတ်သွားရင် အတော်ပဲ တို့ကို ဘယ်သူမှ မတွေ့နိုင်ဘူး"

"အေး သွားကြရအောင်ကွာ"

ကြယ်နီက သတိကြီးကြီးထားပြီး ရှေ့ကထွက်တယ်။ ကားဂိတ်ကို ဘေးအန္တရာယ်ကင်းကင်းချောချောမောမော ရောက်ကြတယ်။မလှိုင်ဘက်ကလာတဲ့ လိုင်းကားစီးပြီး မိတ္ထီလာကို လိုက်ကြတယ်။ မိတ္ထီလာမြို့လဲဝင်တော့ လွတ်ပြီ။ ကျွတ်ပြီ။ မြလေးဖြူကို လွတ်လွတ်လပ်လပ် ချစ်ချင်တိုင်း ချစ်လို့ရပြီဆိုတဲ့ အတွေးနဲ့ သာခင် အပျော်ကြီးပျော်ပြီး ပြုံးမိတယ်။ ကားပေါ်ကဆင်း ဈေးဝင်ပြီး မြလေးဖြူအတွက် လိုအပ်တဲ့ သနပ်ခါး၊ ပေါင်ဒါ၊ ထမီ၊ အင်္ကျီ ဖိနပ်ဝယ်ပြီး မြလေးဖြူ လက်ကလေးတွဲကာ ပျဉ်းမနား ကားဂိတ်ဆီကို လျှောက်ခဲ့ကြတယ်။

"ဟေ့ကောင်လေးတွေ ခဏရပ်အုံး"

နောက်လှည့် ကြည့်လိုက်တော့ စက်ဘီးတွေနဲ့ ရဲကြီးတွေ။

"မင်းတို့က ခရီးလွယ်ကြီးနဲ့ ဘယ်သွားကြမှာလဲ"

"ပျဉ်းမနားသွားမလို့ဗျ"

"မင်း နာမည် ဘယ်သူလဲ"

"သာခင်ပါ"

"အေး ဟုတ်ပြီ။ မင်းနာမည် သာခင်။ ကောင်မကလေး နာမည် မြလေးဖြူ။ မနေ့က အလိုမတူဘဲ အဓမ္မဆွဲခေါ်မှုနဲ့ မလှိုင်ရဲစခန်းက တို့ဆီ သတင်းပို့ထားတဲ့ တရားခံတွေပဲ ဒီနှစ်ယောက်ကို လက်ထိတ်ခတ်လိုက်"

"ကျုပ်အတင်းခေါ်တာမဟုတ်ပါဘူးဗျာ။ မြလေးနဲ့ ကျုပ်က ချစ်သူတွေပါ။ မလုပ်ကြပါနဲ့ဗျာ။ ကျုပ်ရှိခိုးပါတယ်။ မလုပ်ကြပါနဲ့ ကျုပ်တို့နှစ်ယောက်ကိုမခွဲပါနဲ့"

"ဟုတ်ပါတယ်တော် ကိုသာခင်က ဆွဲခေါ်တာ မဟုတ်ပါဘူး။ ကျုပ် ကိုသာခင်ကို ချစ်လို့ လိုက်လာတာပါ"

" အေး စခန်းရောက်မှ ဖြေရှင်းကြ ကဲ ဒီကောင်တွေကို စခန်းခေါ်ခဲ့"

ရဲစခန်းရောက်တော့-

"ဒီကောင်တွေကို အချုပ်ခန်းထဲ ထည့်လိုက်"

"မလုပ်ကြပါနဲ့တော် ကိုသာခင်ကို အချုပ်ခန်းထဲ မထည့်ကြပါနဲ့"

မြလေးဖြူက ငိုပြီး သာခင်ကို မလွှတ်တမ်းဖက်ထားတယ်။ ရဲမေတစ်ယောက်က မြလေးဖြူကို ဆွဲဖယ်ပြီး သာခင်နဲ့ကြယ်နီကို အချုပ်ခန်းထဲထည့်လိုက်တယ်။ မလှိုင် ရဲစခန်းကိုလဲ ဖုန်းဆက်သတင်းပို့သံကြားလိုက်တယ်။ အချုပ်ခန်းထဲက သာခင်အဖြစ်ကို မြင်ရတဲ့ မြလေးဖြူက အချုပ်ခန်းဘေးကနေ ကိုသာခင် ကိုသာခင်လို့ တဖွဖွခေါ်ပြီး တရှုပ်ရှုပ်ငိုနေတယ်။ နေ့လယ်ပိုင်းရောက်တော့ ရွာလူကြီးတွေနဲ့ မြလေးဖြူတို့ အဖေရောက်လာတယ်။ ကားပေါ်က ဆင်းလိုက်တာနဲ့ -

"သမီး ဒီကိုလာခဲ့။ ဟေ့ ဟိုနှစ်ကောင် မင်းတို့ ထောင်နန်းစံဖို့ ပြင်ထား။ ဘိုခင်အကြောင်း ကောင်းကောင်းသိစေရမယ်။ ရဲအရာရှိမင်းတို့ ဒီကောင်တွေကို ထောင်ကျအောင် အရေးယူပေးကြပါခင်ဗျာ"

"ဒါကတော့ သက်ဆိုင်ရာ တရားရုံးက ဥပဒေအရ အရေးယူပါလိမ့်မယ်ခင်ဗျာ"

"အဖေ ကိုသာခင်ကို ထောင်မချပါနဲ့ လွှတ်ပေးပါ အဖေရယ်"

"အောင်မာ နင်က ဘာစကားပြောတာလဲ ငါ့ကို အရှက်ခွဲတာလား"

"ဖြန်း"

မြလေးဖြူအဖေ ဦးဘိုခင်က ရှက်လွန်းလို့ မြလေးဖြူကို ဒေါသတကြီး လွှဲရိုက်တာ မြင်ရတော့ သာခင့် အသည်းနှလုံးတွေ ကြေကွဲမတတ် ခံစားရပြီး မျက်စိစုံမှိတ်ထားလိုက်တယ်။မြလေးဖြူ လက်ကိုလဲ ဆောင့်ဆွဲခေါ်သွားတယ်။ သာခင်နဲ့ကြယ်နီကိုလဲ ဝါးစားမတတ် မီးဝင်းဝင်းတောက် မျက်လုံးတွေနဲ့ ကြည့်နေတယ်။

"ဟေ့ကောင် မင်းတစ်သက်လုံး ငါ့သမီးနဲ့ မနီးစပ်စေရဘူး။ မှတ်ထား။ မင်းထောင်ကျစေရမယ်။ ထောင်ကလွတ်လာရင်လဲ ငါကိုယ်တိုင် သတ်မယ်"

မြလေးဖြူအဖေက ဒေါသတကြီး အော်ဟစ်ကာ မြလေးဖြူ လက်ကို ဆွဲပြီး ရွာလူကြီးတွေနဲ့ ကားပေါ် တတ်သွားပါတော့တယ်။ ရှိုက်ကြီးတငင် ငိုယိုပြီး ပါသွားတဲ့ မြလေးဖြူကို မြင်ရတော့ သာခင့်ရင်တွင်းမှာတော့ နေဆယ်စင်းမက ပူပြင်းတောက်လောင် ကျန်ရစ်ပါတော့တယ်။ မြလေး ဖြူနဲ့ သာခင်တို့ဘဝက စုတ်ချက်မပီတဲ့ ပန်းချီကားတစ်ချပ်ပမာ မှုန်ဝါးဝါးရှိ လှပါတော့တယ်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၄၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ၃၄၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာကေ ၄၂၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၂၉၃၅ ကေနှင့်ကျွန်းလှမြို့နယ်တွင် ၅၂၃ ကေ စုစုပေါင်း ၃၄၅၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ နေကြာ ကေ ၄၂၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များတယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးရန် အတွက် မြို့နယ် အလိုက်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၀၄၄ ဧကနှင့်ကျွန်းလှမြို့နယ်တွင် ၁၂၃၆ ဧက စုစုပေါင်း ဧက ၄၂၈၀ တို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံနေကြာကို ပိုမိုစိုက်ပျိုးနိုင်ပါက ဒေသအတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေးဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းထံမှသိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ဟင်းသီးဟင်းရွက်အစုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုး ထုတ်လုပ်သည့် ဒေသထွက် မုန်လာဥဖြူများထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် မုန်လာဥဖြူများ တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''လက်ရှိ ဓနုဖြူမြို့နယ်ကနေ မုန်လာဥတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုဒေသထွက် မုန်လာဥတွေ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိ ဒီဇင်ဘာလ ပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ အခု မုန်လာဥဈေးကလေ အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် မုန်လာဥတွေ အပါအဝင်ကုန်စိမ်းအစုံကို အခြားဒေသတွေက ဝယ်ယူမှုကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ ကိစ္စတွေအပါအဝင် အစစအရာရာ အဆင်ပြေပါတယ်''ဟု ဓနုဖြူမြို့နယ် ဟင်းသီးဟင်းရွက်အစု ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြသည်။



ဓနုဖြူမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများကို အရောင်းအဝယ်ပြုလုပ်နေရသည့် အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါမုန်လာဥဖြူများ ၁၀ ပိဿာ လျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# မိုင်းခတ်မြို့နယ် ဝမ်မိုင်ဟိုညင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

မိုင်းခတ် ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝမ်မိုင်ဟိုညင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဝမ်မိုင်ဟိုညင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ မင်းမြင့်မိုရ်

## ရခဲလှလူ့ဘဝ ကောင်းအောင်ကြိုးစားကြ

- လူ့ဘုံအတွင်း ရောက်ရှိလာ
ခဏတာ ဘဝလေး၊
အတိတ်ကံ လုစေကြောင်းပေ့ါ
ကောင်းမှုတွေပေး။

- အသက်ရှင်အောင် ဝမ်းစာရေးကိုလ
နေ့စဉ်တွေး ကြိုးစားနေ
စုဆောင်းရှာဖွေ၊
မာန်အတ္တ ဖယ်ခွာစေ
သင်မိတ်ဆွေ လျှောက်တဲ့လမ်း၊
လူတိုင်းအပေါ် မေတ္တာစိတ်နှင့်
ယိုဖိတ်ကြစမ်း။

- ရင်တွင်းတည် ဂုဏ်ရည်လွှမ်းလျှံဖြင့်
အမြဲတမ်း ဦးထိပ်တင်၊
ရတနာ မြတ်သုံးပါးကိုကွဲ့
လက်ကိုင်ထားသင်၊
မိဘကျေးဇူး ဆပ်စေချင်
ဆရာသခင် ဘယ်မမေ့၊
အမျိုးမှန်
အဖိုးတန် အလှဂုဏ်တင့်လို့
မြင့်မြတ်ပါပေ့။ ။

ရင်ခတ်ပန်း(စွယ်တော်)

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု စစ်ဆေး

မလှိုင် ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ဖြင့် ဆောင်ရွက်ထားသော နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာ၌ နို့စားနွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရဲဝေက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေး ပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဘဝဆိုတဲ့ ကျောင်းတော်

## ဗညားကျန်းထော

"လူသားအဆန်ဆုံးနေထိုင်ခြင်းက ကောင်းတဲ့ ဘဝနဲ့ရှင်သန်ခြင်းဖြစ်တယ်။ ဘဝကိုယ်စီမှာတော့ တန်ဖိုးကိုယ်စီရှိကြတယ်။ အကောင်းနဲ့အဆိုး အကြောင်းနဲ့အကျိုး၊ အမြဲဖြစ်ပျက်နေမှာပါ။ ဒ့ါကြောင့် ဘယ်လိုရှင်သန်မှုမျိုးနဲ့ပဲဖြစ်ဖြစ် ကောင်းကောင်း၊ မကောင်းကောင်း ၊ မိမိအပါအဝင် အားလုံးအတွက် အကျိုးမဖြစ်ခဲ့ရင်တောင် ဆိုးကျိုးတော့ မရှိရစေအောင် အတတ်နိုင်ဆုံးနေနိုင်ရင်ပဲ လူပီသပါတယ်"

ရောဘတ်ဂရင်း

ROBERT GREENE

(The Low of Human Nature)

တစ်ချိန်တစ်ခါက ရုပ်ရှင်သရုပ်ဆောင်မင်းသား ပြေငြိမ်း၊ ဇော်ဝမ်း၊ ကွမ်းသီး၊ ဒွေး စတဲ့ ရုပ်ရှင် ကြည့်ပရိသတ်အချစ်တော် ငွေကြယ်ပွင့်တွေဟာ ဝမ်းနည်းစရာကောင်းတဲ့ ဇာတ်သိမ်းခန်းများနဲ့ ဘဝတစ်ခုကို နိဂုံးချုပ်သွားခဲ့ကြတယ်။ အလားတူပဲ အောင်မြင်မှုတွေ ထူးထူးခြားခြား ကြီးကြီးမားမား ရနေဆဲမှာ မမျှော်လင့်ဘဲ လှပနေတဲ့ဘဝတစ်ခု လစ်လပ်ဆုံးရှုံးခဲ့ရသူတွေ ကိုယ့်နိုင်ငံမှာသာမက နိုင်ငံတကာ အနုပညာလောကမှာလည်း ရှိခဲ့ကြတာပါပဲ။ အောင်မြင်မှုစည်းစိမ်အရသာဆိုတာ ယစ်မူးစေပြန်တတ်တယ်။ လူတွေဟာ ဆင်းရဲတွင်းနက်ရင်လည်း ဖောက်ပြန်တတ်တယ်။ ချမ်းသာလွန်းရင်လည်း လုပ်ချင်ရာလုပ်နိုင်လာတော့ ပျက်စီးတတ်သေးတယ်။

အချို့လူက သူ့ကိုယ်သူ ဒုက္ခပေးတတ်တယ်။

နောက်တစ်မျိုး အချို့လူတွေက သူ့တို့ဘဝကို သူတို့မှားယွင်းရုံမျှမက ပတ်ဝန်းကျင်၊ မိဘဆွေမျိုးနဲ့ လူမျိုးကိုပါ ဆိုးဆိုးရွားရွား ပျက်စီးနစ်နာအောင် ဒုက္ခပေးတတ်သေးတယ်။ ကိုယ့်ဆရာ၊ ဆရာမကို ရက်ရက်စက်စက် ဓားနဲ့ ခုတ်သတ်၊ သေနတ်နဲ့ ပစ်သတ်၊ ကိုယ့်ရပ်ကိုယ့်ရွာကို မီးတင်ရှို့ဆိုတဲ့ လူစားတွေပေ့ါ။ ဒီလို မိုက်မဲလွဲမှားတဲ့လူစားတွေက လောကကို အရုပ်ဆိုးအကျည်းတန်စေပါတယ်။

နေရသမျှဘဝလေးမှာ ပတ်ဝန်းကျင်ကိုဒုက္ခမပေးဘူးဆိုရင်ပဲ လူသားတစ်ယောက်ဟာ လွတ်လပ်ပျော်ရွှင်စွာ ရှင်သန်ရပ်တည်ပါစေ လေးစားထိုက်ပေတာပဲ။

လူ့ဘဝရောက်ရှိလာခိုက် သူ့ကိုယ်သူလည်း ဘဝအဆင့်တိုးမြှင့်နိုင်အောင် ကြိုးစားတယ်။ ပတ်ဝန်းကျင်ကိုလည်း ပျော်ရွှင်သာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုလုံခြုံကောင်းမွန်အောင် ကျေးဇူးပြုပေးတဲ့လူစားဆိုရင်တော့ အသက်အရွယ် ငယ်ငယ်၊ကြီးကြီး ချီးမွမ်းဂုဏ်ပြုရပေမှာပဲ။ လူ့သမိုင်းစဉ်ခရီးဟာ ဒီလိုလူမျိုးတွေရဲ့ ကောင်းကျိုးပြုခဲ့မှု စေတနာစေ့ဆော်မှုတွေကြောင့် လူ့ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းက စည်ပင်ဖွံ့ဖြိုး၊ သာယာအေးချမ်းကာ လှပပျော်ရွှင်စရာ ဖြစ်လာခဲ့တာပေ့ါ။ ကမ္ဘာ့ကျေးဇူးရှင်တွေထဲမှာ အချိန်ပေးပြီးအသစ်အဆန်း အမျိုးမျိုး တီထွင်ဖန်တီးသူတွေလည်းပါတယ်။ ရောဂါဘယကာကွယ်ရေးအတွက် ဆေးဝါးစတဲ့ ကုသကာကွယ်မှုအမျိုးမျိုးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခဲ့သူတွေလည်း ပါဝင်တယ်။ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ သိပ္ပံနဲ့ နည်းပညာများ၊ စက်မှု၊ အင်ဂျင်နီယာ၊ စီးပွားရေး ၊ ကုန်ထုတ်လုပ်ရေး၊ လူ့အဖွဲ့အစည်းအတွင်း အဆင်ပြေကောင်းမွန်တဲ့ စီမံရေး ၊ အုပ်ချုပ်ရေး၊ ဖွဲ့စည်းရေး၊ ခန့်ခွဲရေးစတဲ့ ပညာရပ်၊ ဘာသာရပ်များ ပိုမိုတိုးတက်အောင် ကောင်းကျိုးကျေးဇူးပြုကြတဲ့ လူမျိုးအားလုံးဟာ လောကကိုအလှဆင်ကြသူတွေပါပဲ။ သူတို့ရဲ့ ပေးဆပ်မှုနဲ့ အနစ်နာခံမှုစေတနာတွေကို လျစ်လျူရှုရန် ဘယ်ဖြစ်မှာလဲ။ ကျေးဇူးတင်ထိုက်သူတွေလေ။

လူသားကတော့ အမျိုးမျိုးအစားစားပါပဲ။

၁။ ဘီလူးတိရစ္ဆာန်လို လူစား

၂။ လူပီသတဲ့ လူသား

၃။ နတ်ဒေဝတာအလားစိတ်ထားမြင့်မြတ်သူများ

အဲသလို အုပ်စု သုံးစု ခွဲမြင်ရတာလည်း ရှိပါရဲ့။ သူတို့ရဲ့ရွေ့လျားနေပုံ လားရာ တူရူအရ ကွဲပြားခြားနားကြတာလည်း တွေ့ကြရမယ်-

၁။ အမှောင်မှ အမှောင်ဆုံးဆီသို့ ဆင်းနေသူများ

၂။ အမှောင်တွင်းမှ အလင်းသို့ ဝင်ရောက်လာသူများ

၃။ အလင်းထဲမှ အမှောင်တွင်း ခုန်ဆင်းပြိုလဲနေသူများ

၄။ အလင်းထဲမှ ပို၍ထွန်းလင်းအေးချမ်းရာသို့ ကြိုးစားရွေ့လျားနေကြသူများ

**❖ နေရသမျှဘဝလေးမှာ ပတ်ဝန်းကျင်ကို ဒုက္ခမပေးဘူးဆိုရင်ပဲ လူသားတစ်ယောက်ဟာ လွတ်လပ်ပျော်ရွှင်စွာ ရှင်သန်ရပ်တည်ပါစေ လေးစားထိုက်ပေတာပဲ။ လူ့ဘဝရောက်ရှိလာခိုက် သူ့ကိုယ်သူလည်း ဘဝအဆင့်တိုးမြှင့်နိုင်အောင် ကြိုးစားတယ်။ ပတ်ဝန်းကျင်ကိုလည်း ပျော်ရွှင်သာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုလုံခြုံကောင်းမွန်အောင် ကျေးဇူးပြုပေးတဲ့လူစား ဆိုရင်တော့ အသက်အရွယ် ငယ်ငယ်၊ ကြီးကြီး ချီးမွမ်းဂုဏ်ပြုရ ပေမှာပဲ။ ❖**

မိမိဘယ်မှာရှိနေသလဲ။ ဘယ်ကို မျက်နှာမူသလဲ။

လောကကို ကောင်းမွန်စည်ပင်အောင်လုပ်ဆောင်ဖို့ဆိုတာ လမ်းပေါ်မှာ မြက်ရှင်းအမှိုက်လှည်းရာပါဝင်ရုံမျှမကပါဘူး။ မိမိဘဝကျရောက်ရာမှာ အကောင်းဆုံး၊ အမွန်ဆုံး ပါဝင်လှုပ်ရှားမယ်ဆိုရင် တစ်ကိုယ်ရေ အောင်မြင်မှုပါပဲ။

ယခုအခါမှာ ဇာတ်သဘင်လောက ကျဆုံးပျောက်ကွယ်သွားသလောက် ဇာတ်အဖွဲ့၊ ဇာတ်သဘင်ကပွဲ ရှားပါးနေကြပြီမို့ လက်ရှိလူငယ်များ ခံစားမှုနဲ့မမြင်နိုင်တော့တဲ့ ၂၀ ရာစု မြန်မာဇာတ်သဘင်ခေတ်က ဇာတ်မင်းသား၊ ဇာတ်ဆရာ၊ ဂရိတ် ဦးဖိုးစိန်၊ အောင်မောင်းတို့ဟာ အောက်ခြေသေတ္တာထမ်း၊ စည်းတီးဝါးတီး၊ ကားဆွဲသမားဘဝမှ နိုင်ငံကျော် ပြည်သူ့အချစ်တော်ဇာတ်မင်းသားတွေ ဖြစ်လာကြသူတွေပေ့ါ။ အထက်တန်းစား ရန်ကုန်သား၊ မန္တလေးသား၊ ဘွဲ့ရပညာတတ်များလည်း မဟုတ်ခဲ့ကြပါဘူး။ အောက်ခြေဘဝမှ ထိပ်ဆုံး အမြင့်ဆုံးအဆင့် အနုပညာရှင်ကြီးတွေဖြစ်လာကြတာပဲ။ သူတို့ခေတ်ကောင်းချိန်ကတော့ ၁၉၅၀-၁၉၆၀ ရွှေပိုင်းကာလပါ။

လွတ်လပ်ရေးရပြီး ဒီဘက်ပိုင်းသဘင်ခေတ်မှာတော့ ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ခေတ်ထက် အဘက်ဘက်က ပိုမိုခေတ်မီတဲ့ လျှပ်စစ်မီးတွေ၊ ဇာတ်စင်ကြီးတွေ၊ အသံပိုင်းဆိုင်ရာတွေ သိသိသာသာ ပြောင်းလဲကောင်းမွန်လာပါပြီ။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၊ ဝဏ္ဏကျော်ထင် စိန်အောင်မင်း၊ ပြဇာတ်ထိပ်ခေါင်မြို့တော်သိန်းအောင်တို့ ဇာတ်သဘင်အဖွဲ့တွေဟာ ရုပ်မြင်သံကြားနဲ့ လက်ကိုင်ဖုန်းတွေမပေါ်သေးခင်၊ အဖြူအမည်း ရုပ်ရှင်ခေတ်နဲ့ ယှဉ်ပြိုင်ပြီး တိုင်းပြည်အနှံ့ မြို့ရွာ၊ တောပါ ကြိုက်နှစ်သက်ကြတဲ့ ပြည်သူ့အချစ်တော်၊ အကျော်အမော် သဘင်အနုပညာရှင်တွေပေ့ါ။ ထိုခေတ်က အစိုးရကလည်း စိန်အောင်မင်းနဲ့ ရွှေမန်းတင်မောင်တို့ကို အမေရိကန်ပြည်ထောင်စု မြို့ကြီးတော်တော်များများသို့ လှည့်လည်ကပြ ဖျော်ဖြေကြရန် အစိုးရချင်းစီမံဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာ့အက၊အဆို၊အတီးတို့ကို အမေရိကန်ပြည်သူတွေ သက်ရှိထင်ရှားအရှင်လတ်လတ်မြင်ရ ကြားရ အံ့သြခံစားရအောင် တင်ဆက်နိုင်ခဲ့ပါတယ်။

ဘာပြောချင်တာလဲ။

ကိုယ်လုပ်နေတဲ့အလုပ်ကို စေတနာထည့်လုပ်ပြီး စိတ်ကောင်းစေတနာကောင်းရဲ့ ကံအဟုန်သတ္တိဆိုတာက အလွန်တရာကြီးမားပြင်းထန်စွမ်းအားရှိလှတဲ့အတွက် ကျေးလက်တောရွာလေးမှာ သာမန်ဆင်းရဲသားမိဘကမွေးခဲ့တဲ့ စိန်အောင်မင်းတို့ မောင်တင်မောင်တို့ (ဇာတ်တာထဲမှာ ငယ်နာမည်လေးတွေ ရှိကြပေလိမ့်မယ်) ဘဝလမ်းခရီးမှာ အနုပညာအဆို၊ အက၊ အပြော၊ ဇာတ်အဖွဲ့ကို စုစည်းကွပ်ကဲအုပ်ချုပ်ပြီး နယ်လှည့်သွားလာကပြရတဲ့ "ခေါင်းဆောင်မှု အရည်အသွေး"ကို လက်တွေ့လုပ်ရင်းဖွံ့ဖြိုးနားလည်သိမြင်လာကြတာ။ မွေးရပ်မြေ တောသူ၊ တောင်သားလေ။

အချို့အချို့ ပြည်ထောင်စုဝန်ကြီးတွေတောင် အမေရိကန်ပြည်ထောင်စုတို့ ၊ ဂရိတ်ဗြိတိန်၊ အင်္ဂလန်တို့ မဆိုထားနဲ့ အာရှတိုက်ထဲက နိုင်ငံများပင် မသွားဖူး မရောက်ဖူးကြပါ။ မြင်သာအောင် နှိုင်းယှဉ်ပြတာပါ။

ဦးစိန်အောင်မင်း၊ ရွှေမန်းဦးတင်မောင်တို့ဆိုတာ နိုင်ငံတော်အစိုးရအချင်းချင်း စီမံပြီးတော့ အမေရိကန်မှာ နယ်လှည့်ကပြ တင်ဆက်နိုင်ခဲ့ကြတာ သူတို့ဆီက သတင်းစာတွေ၊ ဂျာနယ်တွေမှာ တအံ့တသြ မျက်နှာဖုံးသတင်းတွေပေ့ါ။ မြန်မာပြည် လွတ်လပ်ရေးရစ အချိန်ကာလ။

ကိုယ့်စွမ်းဆောင်မှု အနုပညာအရည်အသွေးကို မိမိဘာသာအကောင်းဆုံး၊ အတော်ဆုံး (စေတနာပါတဲ့ အလုပ်) ဖြစ်ရင် သိပ္ပံပညာ၊ ဆေးပညာ၊ စက်မှုပညာ၊ စီးပွားရေးပညာ နိုင်ငံရေးပညာ ဘာပဲဖြစ်စေ ဖြစ်စေ၊ ဇာတ်ဆရာသဘင်သည်တောင် နိုင်ငံခြားမှာ ကျော်ကြားအောင် ထူးထူးခြားခြားသွားရောက် ကပြခဲ့ရဖူးတယ်။ ထင်ပေါ်ရင် စင်တော်က ကောက်တယ်လေ။နားလည်ပါပြီ။ ကိုယ်သင်ယူတဲ့ အသိပညာအတတ်ပညာမှာ စိတ်ဝင်တစား၊ စိတ်အားထက်သန်စွာနဲ့ စေ့ဆော်မှုစေတနာ (ကံပါပဲ) ကောင်းခဲ့ရင် မုချကောင်းကျိုးခံစားရမှာပဲ။

မိမိဘာသင်တန်း တက်နေသလဲ။

တက်တော့တက်နေတာပဲ။ ဘွဲ့လက်မှတ် တစ်ခု၊ ထောက်ခံစာ တစ်စောင်ရရင်ပြီးရောသာ လုပ်နေရတာ၊ စိတ်ကတော့ မပါလှပါဘူး။ ကြိုးစားချင်စိတ်လည်း မရှိပါဘူးဆိုရင်တော့ အချိန်ကုန် လူပန်းအချည်းနှီး ဖြစ်နေရရှာတယ်နော်။

၁။ မိမိဝါသနာပါရာကိုလုပ်ပါ။

၂။ ဝါသနာပါတာမရခဲ့ရင် ရတဲ့အလုပ်မှာသာ ဝါသနာပါအောင် မိမိကိုယ်ကို ပြုပြင်ပါ။

ပြောင်းလဲလို့ရပ့ါမလား။ လက်တွေ့စမ်းကြည့်ပါဦးလေ။ စာရေးသူကိုယ်တွေ့ကတော့ ရောက်တဲ့နေရာ ပျော်အောင်နေတာပဲ။ လုပ်ရတဲ့အလုပ်ကို အကောင်းဆုံးကြိုးစားလုပ်ခဲ့တာချည်းပဲ။ စစ်ဗိုလ်စစ်သားဆိုသော်ငြား အမြဲတမ်းကြီး စစ်ပဲတိုက်နေရတာတော့ မဟုတ်ဘူးခင်ဗျ။ အုပ်ချုပ်ရေး၊ တိုက်ခိုက်ရေး၊ ထောက်လှမ်းရေး၊ လုံခြုံရေး၊ လေ့ကျင့်ရေး၊ ထောက်ပံ့ပို့ဆောင်စီမံရေး၊ စစ်ဆေးအကဲဖြတ်ရေး၊ ဌာနအမျိုးမျိုး၊ နယ်ပယ်မတူ ကွဲပြားခြားနားတာတွေ တစ်ပုံကြီးရယ်။

တပ်ပိုင်စိုက်ပျိုးရေးအနေနဲ့ လယ်ဧက ၆၀၊ ၇၀ လောက် စိုက်ပျိုးထုတ်လုပ်ခဲ့ရဖူးတယ်။ အထွက်တိုး၊ တပ်အတွက် ကြက်မွေးမြူရေး၊ ဖယောင်းတိုင်စက်ကုန်ထုတ်လုပ်ရေး၊ မှိုစိုက်ပျိုးရေး၊ ကော်ဖီစိုက်ပျိုးရေး၊ အဲဒါတွေလည်း အောင်မြင်အောင် (မတတ်ခဲ့ပေမယ့် တတ်မြောက်အောင် လေ့လာသင်ယူလေ့ကျင့်ပြီး) ဖြစ်အောင် လုပ်ဆောင်ခဲ့ရတာပဲလေ။ နမူနာပါ။

တပ်မတော်မှာ ထူးထူးခြားခြား တစ်တပ်တည်းဖွဲ့စည်းထားတဲ့ "ဗိုလ်ရွေးအဖွဲ့"မှာ တပ်မတော်ကြည်း၊ ရေ၊ လေ၊ ဆေး၊ အင်ဂျင်နီယာ၊ သူနာပြုအရာရှိလောင်းသင်တန်းဝင်ခွင့် လျှောက်ထားသူအမျိုးမျိုးကို ငါးရက် ခေါ်ထား၊ စခန်းသွင်းပြီး စစ်ဆေးအကဲဖြတ် အမှတ်ပေးရတဲ့ အလုပ်ကိုလည်း လုပ်ခဲ့ရဖူးပါတယ်။ ဒါကတော့ စိတ်ပညာကိုလေးနှစ်ကြာ ဝိဇ္ဇာဘွဲ့ရဖို့ သင်ယူခဲ့တဲ့ ပညာရပ်၊ ဘာသာရပ်မို့ရယ်၊ နောက်ထပ် ဒီပလိုမာ နှစ်နှစ် တက်ပြီး အထူးပြုကျွမ်းကျင်အောင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန နဲ့ ထိုအချိန်က တံတားကလေး စိတ်ရောဂါအထူးကုဆေးရုံမှာ လက်တွေ့တွဲဖက် ဆည်းပူးလေ့လာပြီး တာဝန်ထမ်းခဲ့ရပါတယ်။

စာသင်ခန်းထဲမှာ သင်တန်းတက်ရုံနဲ့ မပြီးပါ။

စာသင်ချိန်ပြင်ပ စာကြည့်တိုက်နဲ့ လက်တွေ့လုပ်ငန်းခွင်နေ့စဉ်ဘဝမှာ စီးမျောနိုင်အောင် မိမိကိုယ်ကို ပြောင်းလဲပြုပြင်တည်ဆောက်ခြင်းက ပိုမိုပြီး အရေးကြီးပါတယ်။ အရာရာမှာ ကိုယ်ဖြစ်ချင်သလိုချည်းတော့ မဖြစ်နိုင်ပါ။ ဖြစ်လာတဲ့ အခြေအနေဘောင်အတွင်းမှာပဲ မိမိက အဆင်ပြေဆုံးဖြစ်အောင် (မိမိကိုယ်ကို ဆုံးမ)ညှိယူရ (Adjustment) ပါတယ်။ လူဆိုတာက ရေလိုက် ငါးလိုက် ပတ်ဝန်းကျင်နဲ့ အံဝင်မှုရှိခြင်း (Adaptation) လိုအပ်ပါတယ်။ ဇွတ်အတင်း ခေါင်းမာငြင်းဆန်နေလို့ မသင့်ပါ။

ရောက်ရာဘဝ၊ ကျရာနေရာကနေ အကောင်းဆုံးရုန်းကန် တိုးတက်လာခဲ့တဲ့ အမေရိကန်ပြည်ထောင်စုကာရိုလိုင်းနားပြည်နယ်တောင်ပိုင်းရှိ ကောလိပ်တစ်ကျောင်းမှာဧည့်သည်ဟောပြောသူ တစ်ယောက်ဘဝကို နမူနာ ကြည့်လိုက်ပါ။ ဘယ်သူများလဲ။

ဟောမယ့်သူစင်ပေါ်တက်လာတော့ အသားမည်းမည်း။ မျက်နှာထားတည်တည်၊ ပိန်ပိန်ချိုချို။ ရုပ်ရည်က ချောမောလှပသူလည်းမဟုတ်တဲ့ နီဂရိုးအမျိုးသမီး။

စာမျက်နှာ ၂၇ သို့ ➤

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၂၇ ဧကထိ စိုက်ပျိုးပြီးစီး



**ကောလင်း ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၆၉၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၆၉၀၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ၆၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း ကုလားပဲ ဧက ၆၉၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ဒီနေ့ထိ ၆၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၆၁၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၄၁ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ဧက ၆၉၈၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အောင်ချမ်းသိမ်းကျေးရွာ၌ နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အောင်ချမ်းသိမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၁၂၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၄၃ ဒသမ ၄၀၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ မေ ၂၀ ရက်နေ့မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၃၂ အိမ်မှ လူဦးရေ ၅၈၆ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးကြင်းပိဿာချိန် ၇၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးကြင်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးကြင်းများ ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားများပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်လာခဲ့ကြောင်း သိရသည်။

'' ပန်းတနော်မြို့နယ်ကနေ ထွက်ရှိတဲ့ ငါးကြင်းတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကထားတင်ပို့ရောင်းချနေပါတယ်။ ငါးကြင်းတွေ နိုဝင်ဘာလ ပထမပတ်လောက်တည်းက စတင်အရောင်းအဝယ်ကောင်းခဲ့တာပါ။ ဒါ့ပြင် အခြားငါးတွေလဲ ဝယ်လိုအားတက်လာပါတယ်" ဟု ပန်းတနော်မြို့နယ်မှ ရေထွက် ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များမှာ ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငါးကြင်း ၁၀ ပိဿာ လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးရှိကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။ **ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ဇီးတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥပဒေ၊နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကြီးကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၀၉ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် သိန်း ၂၄၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅၄ သိန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၀၉ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်ထံမှ သိရသည်။

**ဇင်မာ**

➤ စာမျက်နှာ ၂၆ မှအဆက်

သူက ဘာရာထူး၊ ဘာအလုပ်အကိုင်စသဖြင့် အခမ်းအနားမှူးတို့ သဘာပတိတို့က မိတ်ဆက်မထားတော့ ဒေသခံကောလိပ်ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားတွေက သူဟာ ဘယ်သူလဲ၊ ဘယ်သူမှ မသိပါ။ သူ့ကိုယ်သူ ဘယ်သူပါလို့ သူကမပြောဘဲ စပြောပုံ ''ကျွန်မဟာ ဆွံ့အနားမကြားတဲ့ မိခင်ကမွေးဖွားခဲ့ပါတယ်။ ကျွန်မအဖေဟာ ဘယ်သူဘယ်ဝါမှန်း မသိခဲ့ရပါဘူး။ ကျွန်မပထမဆုံးလုပ်ရတဲ့အလုပ်ကတော့ အပူရှိန်ပြင်းထန်တဲ့ နေပူကျဲကျဲအောက် ဝါစိုက်ခင်းထဲမှာ တစ်နေကုန်တစ်နေခန်း ဝါဂွမ်းဆွတ်ပေးရတဲ့ အလုပ်ပါပဲ"

''အလွန်ပင်ပန်းဆင်းရဲခဲ့တဲ့ ဘဝပါ"

ပရိသတ်ဟာ ငြိမ်သက်တိတ်ဆိတ်စွာ နားစွင့်နေကြပါတယ်။ သူဆက်ပြောသွားတာတွေကတော့ လူတစ်ဦးဟာ ကိုယ်မကြိုက်တဲ့ အခြေအနေမှာရပ်မနေဘဲ တရွေ့ရွေ့နဲ့ ကိုယ်ရောက်ချင်တဲ့နေရာကို ရောက်အောင်ကြိုးစားရင် အောင်မြင်နိုင်ပါတယ်ဆိုတာမျိုး အားတက်စရာဟောပြောသွားခဲ့ပါတယ်။ ကောလိပ်ကျောင်းသားတွေ စိတ်ဝင်စားရ။

''ငါပြောတာတွေ ဟုတ်ပ့ါမလားလို့ မင်းတို့ကသံသယရှိနေပုံရပါတယ်။ သံသယရှင်းသွားပြီး ယုံကြည်အောင် အထောက်အထားပြပ့ါမယ်။ ငါ့ကိုယ်ငါ မိတ်ဆက်ပေးပါမယ်။ ငါက အမေရိကန်ပြည်ထောင်စု အစိုးရရဲ့ (ပြည်ထောင်စုဝန်ကြီးထက်တောင် တစ်ဆင့်ပိုမြင့်တဲ့) ဘဏ္ဍာရေးမှူး (Treasurer) တာဝန်ကို ထမ်းဆောင်နေသူ၊ အဇီတေလာမော်တန် ( Azie Taylor Morton) ပါ''တဲ့

အသက် ၄၀ လောက်နဲ့ နိုင်ငံကြီးတစ်ခုရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးမှူးဖြစ်နေသူရဲ့ ငယ်ဘဝက တစ်နေကုန်ဝါကောက်ရတဲ့ ကလေးမပါလား။

# အောင်မြင်စွာခြေဆန့်လာသည့် တရုတ်တပ်မတော်၏ စစ်ရေးဆိုင်ရာသံခင်းတမန်ခင်း




တရုတ်နိုင်ငံ လုံခြုံရေးဖိုရမ်တွင်တက်ရောက်သည့် နိုင်ငံတကာထိပ်တန်းအရာရှိများ။

စစ်ရေးဆိုင်ရာ သံခင်းတမန်ခင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကိုကာကွယ်ရန်နှင့် ကမ္ဘာ့လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အရေးကြီးသောနည်းလမ်းတစ်ခုဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်း၏ ဆင့်ကဲပြောင်းလဲမှုများဖြစ်ပေါ်နေချိန်တွင် တရုတ်တပ်မတော်သည် အပြန်အလှန်လည်ပတ်မှု၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ကင်းလှည့်မှုများအပါအဝင် စစ်ရေးဆိုင်ရာအပြန်အလှန်လည်ပတ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင်ပါဝင်ခဲ့ပြီး နိုင်ငံအသီးသီးသို့ ပိုမိုပွင့်လင်းပြီး တက်ကြွစွာပါဝင်သည့်ချဉ်းကပ်မှုဖြင့် လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ကျွမ်းကျင်သူများစွာက ၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာသံခင်းတမန်ခင်း၏သွင်ပြင်များကို ထင်ရှားစွာဖော်ထုတ်သုံးသပ်ခဲ့ကြောင်း တွေ့ရှိရသည်။

**နိုင်ငံကြီးများကြားတွင် ထင်ရှားသောစစ်ရေးဆိုင်ရာသံခင်းတမန်ခင်း**

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စစ်ရေးသံခင်းတမန်ခင်းကိုဆွေးနွေးရာတွင် ကျွမ်းကျင်သူများက ရုရှားနှင့် အမေရိကန်ကဲ့သို့သော နိုင်ငံကြီးများနှင့် တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာသံခင်းတမန်ခင်းဖွံ့ဖြိုးတိုးတက်မှုကို အထင်ရှားဆုံးသောအင်္ဂါရပ်များ အနက်မှတစ်ခုအဖြစ် တညီတညွတ်တည်းမီးမောင်းထိုးပြခဲ့ကြသည်။ ၂၀၂၄ ခုနှစ် တစ်လျှောက်လုံးတွင် တရုတ်နှင့် ရုရှားတပ်မတော်များကြား အဆင့်မြင့်ခရီးစဉ်များသွားရောက်မှုများနှင့် ပူးတွဲလေ့ကျင့်မှုများ အများအပြားရှိခဲ့သည်။ ဇူလိုင်လလယ်ပိုင်းထိ တရုတ်-ရုရှားJoint Sea 2024 စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံတောင်ဘက် ကွမ်တုံပြည်နယ် Zhanjiang မြို့အနီး ရေပြင်နှင့် ဝေဟင်ပိုင်နက်တွင် ပြုလုပ်ခဲ့သည်။ ထို့နောက် ဇူလိုင်လနှောင်းပိုင်းနှင့် နိုဝင်ဘာလနှောင်းပိုင်းတွင် နှစ်နိုင်ငံလေတပ်များသည် ပူးတွဲနည်းဗျူဟာမြောက် လေကြောင်းကင်းလှည့်မှုများကို အသီးသီးဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် တရုတ်နှင့် ရုရှားကမ်းခြေစောင့်တပ်များသည် သမိုင်းဝင် ပထမဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ကင်းလှည့်မှုများပြုလုပ်ခဲ့သည်။ တရုတ်ကမ်းခြေစောင့်တပ်ရေယာဉ်စုသည်အာတိတ်သမုဒ္ဒရာအတွင်းသို့ ပထမဆုံးအကြိမ်ဝင်ရောက်ခဲ့ပြီး ရေကြောင်းတရားဥပဒေစိုးမိုးရေး၏ လက်လှမ်းမီမှုကိုထိရောက်စွာတိုးချဲ့ကာ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့၏ စွမ်းရည်များကို အကျွမ်းတဝင်မရှိသော ရေပြင်တွင် လုပ်ဆောင်ရန် အသေးစိတ်စမ်းသပ်ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် တရုတ်နှင့် ရုရှားတို့ကြား အဆင့်မြင့်စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် နယ်ပယ်အသီးသီးတွင် ဆက်လက်ကျယ်ပြန့်ပြီး ပြင်းထန်လာခဲ့သည်။ ၎င်းသည် နိုင်ငံရေး၊ မဟာဗျူဟာနှင့် စစ်ရေးအရ အပြန်အလှန်ယုံကြည်မှုမြင့်မားသောအဆင့်၊ တရုတ်-ရုရှားဆက်ဆံရေး ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်ရေးထိန်းသိမ်းရာတွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်မှု၊ အဓိကအင်အားကြီးနိုင်ငံများ၏ စစ်ရေးအရအကျပ်ကိုင်မှုကို ဟန့်တားမှုနှင့် တန်ပြန်မှု၊ လက်ရှိ လုံခြုံရေးစိန်ခေါ်မှုများနှင့် တောင်းဆိုချက်များကို လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်မှု၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလက်စွဲပြုမှုတို့ကို ထင်ဟပ်လျက်ရှိသည်။

ဆန့်ကျင်ဘက်အားဖြင့် တရုတ်-အမေရိကန်ဆက်ဆံရေးသည် လှည့်ကွက်များနှင့် အချိုးအကွေ့များဖြင့် ပြည့်နေသေးသည်။ သို့သော်လည်း ၂၀၂၄ ခုနှစ်တွင် တရုတ်နှင့် အမေရိကန်တပ်မတော်တို့သည် စေ့စပ်ဆွေးနွေးမှုနှင့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးရေတပ်ဗိုလ်ချုပ်ကြီး Dong Jun နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် စင်ကာပူနိုင်ငံတွင်ပြုလုပ်သည့် ရှန်ဂရီလာဆွေးနွေးပွဲအတွင်း တွေ့ဆုံမှုပြုလုပ်ခဲ့သည်။

စက်တင်ဘာလတွင် တရုတ်နှင့် အမေရိကန် ကြည်းတပ်များကြား စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်အဆင့် ဆွေးနွေးမှုတစ်ခုပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် တရုတ်နှင့် အမေရိကန် ကြည်းတပ်တို့သည် ကာကွယ်ရေးမူဝါဒမှ စစ်နယ်ဝန်းတပ်ဖွဲ့စစ်ဆင်ရေးထိ ခေါင်းစဉ်များစွာကိုခင်းကျင်းပြသခဲ့ပြီး အဆင့်တိုင်းတွင် ဆက်သွယ်ရေးနှင့် အပြန်အလှန်လည်ပတ်ရေးယန္တရားများကို အပြည့်အဝစနစ်တကျပြန်လည်စတင်ခဲ့မှုသည် ထင်ရှားလျက်ရှိသည်။ ၎င်းသည် ရှုပ်ထွေးမှုများရှိနေသော်လည်း အပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းထားရန် တပ်မတော်နှစ်ရပ်စလုံး၏ တူညီသောဆန္ဒကို သက်သေပြလျက်ရှိနေသည်။

ရုရှားနှင့် အမေရိကန်တို့ ပူးပေါင်းဆောင်ရွက်မှုအပြင် တရုတ်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့၏ ကာကွယ်ရေးမဟာဗျူဟာဆွေးနွေးပွဲများကို ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်နှင့် စက်တင်ဘာ ၂၅ ရက်တို့တွင် အသီးသီးဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာဆက်ဆံရေးတိုးတက်မှု၊ နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို နက်နက်ရှိုင်းရှိုင်းအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ပြည်ပတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု တိုးမြှင့်ပြုလုပ်**

၂၀၂၄ ခုနှစ်တွင် တရုတ်တပ်မတော်သည် နိုင်ငံကြီးများနှင့် စစ်ရေးသံခင်းတမန်ခင်းတွင် သိသိသာသာခြေလှမ်းများ လှမ်းလာရုံသာမက နိုင်ငံတကာစစ်ဘက်လုပ်ငန်းများတွင်လည်း တက်ကြွစွာလုပ်ဆောင်ခဲ့သည်။ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် တရားဝင်ထုတ်ပြန်ချက်များအရ တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း ပြည်ပတပ်မတော်များနှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှု ၂၀ ကျော်ပြုလုပ်ခဲ့ပြီး ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း အများဆုံးဖြစ်သည်။

အချိန်ဇယားအရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်မှစတင်၍ Cobra Gold 2024 လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် သဘာဝဘေးကယ်ဆယ်ရေးလေ့ကျင့်မှုမှ အစပျိုးဆောင်ရွက်ခဲ့သည်။ အဆိုပါလေ့ကျင့်မှုသည် ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်ထိ ပြုလုပ်ခဲ့သည့် တရုတ်-အင်ဒိုနီးရှားငြိမ်းချမ်းရေး (Heping)Garuda-2024 ပူးတွဲလူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် သဘာဝဘေးကယ်ဆယ်ရေး(HADR)စစ်ရေးလေ့ကျင့်မှုထိ တရုတ်တပ်မတော်၏ နိုင်ငံတကာပူးတွဲလေ့ကျင့်ရေးလှုပ်ရှားမှုများသည် တစ်နှစ်ပတ်လုံးတိုးချဲ့လုပ်ဆောင်ခဲ့သည်ကို ပြသလျက်ရှိသည်။

ပါဝင်သည့်တပ်ဖွဲ့များနှင့်ပတ်သက်၍ စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်အဆင့်တပ်ဖွဲ့အားလုံးသည် အဆိုပါစစ်ရေးလှုပ်ရှားမှုများတွင် တပ်ဖွဲ့ဝင်များကိုပံ့ပိုးပေးထားသည်။ ဥပမာအားဖြင့် မကြာသေးမီက ပြီးဆုံးခဲ့သည့် ငြိမ်းချမ်းရေး(Heping) Garuda-2024 လေ့ကျင့်မှုတွင် တရုတ်ပါဝင်သူများကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်မှ စေလွှတ်ခဲ့သည်။ တရုတ်-အီရန်-ရုရှားလုံခြုံရေး Bond-2024 ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွင် တရုတ်မြောက်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်အောက်ရှိ အမှတ်(၄၅) တရုတ်ရေတပ်အစောင့်တပ်ဖွဲ့တို့ ပါဝင်ခဲ့သည်။ Peace Unity-2024 ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်အလယ်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်မှ ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုအပေါ် အလေးပေးမှုအရ အခြားနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုအများစုသည် အကြမ်းဖက်မှုနှိမ်နင်းရေး၊ ပင်လယ်ဓားပြတိုက်ဖျက်ရေး၊ လူသားချင်းစာနာထောက်ထားမှု ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးကဲ့သို့သော သမားရိုးကျမဟုတ်သော လုံခြုံရေးနယ်ပယ်များတွင် အလေးပေးလုပ်ဆောင်ခဲ့သည်။ အဓိကအချက်မှာ တရုတ်-လာအို ငြိမ်းချမ်းရေးရထား-၂၀၂၄ (Peace Train-2024) ပူးတွဲလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကယ်ဆယ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာလနှောင်းပိုင်းတွင် ပြုလုပ်ခဲ့သည်။ ထို့ပြင် တရုတ်နှင့် နီပေါကြည်းတပ်တို့သည်Sagarmatha Friendship-2024 ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာလနှောင်းပိုင်းတွင်ပြုလုပ်ခဲ့ပြီး မြို့ပြဒေသများတွင် အကြမ်းဖက်မှုနှိမ်နင်းရေးပူးတွဲစစ်ဆင်မှုကို ဗဟိုပြု၍ လုပ်ဆောင်ခဲ့သည်။

ပြည်ပတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဘာသာရပ်များ၏ သိသာထင်ရှားသောအပိုင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍနှင့် တာဝန်ကို ပြသလျက်ရှိသည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုစွဲကိုင်ကာ ဘုံလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းစေသည်။ ထို့ပြင်လူသားတို့အတွက် မျှဝေထားသည့် အနာဂတ်ရှိသော အသိုက်အဝန်းတစ်ခုဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးမှုကို အားကောင်းစေသည်ဟု တရုတ်စစ်ဘက်ဆိုင်ရာကျွမ်းကျင်သူ Zhang Junshe က မှတ်ချက်ပေးခဲ့သည်။

ထူးခြားသည်မှာ ၂၀၂၄ ခုနှစ်တွင် တရုတ်တပ်မတော်နှင့် နိုင်ငံခြားတပ်ဖွဲ့များကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် အောင်မြင်မှုများရရှိခဲ့သည်။ ဥပမာအားဖြင့် ဇူလိုင်လနှောင်းပိုင်းမှ ဩဂုတ်လလယ်ထိ တရုတ်တပ်မတော်သည် တန်ဇန်းနီးယားနှင့် မိုဇမ်ဘစ်တပ်ဖွဲ့များသည် Peace Unity 2024 ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ခဲ့ပြီး အာဖရိကနိုင်ငံများနှင့် ကြည်းတပ်၊ ရေတပ်များပါဝင်သည့် စစ်ရေးလေ့ကျင့်မှုကို ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံက စီစဉ်ခဲ့ခြင်းဖြစ်သည်။

**နိုင်ငံစုံစစ်ဘက်ဆိုင်ရာ အပြန်အလှန်လည်ပတ်ရေးလှုပ်ရှားမှု**

၂၀၂၄ ခုနှစ်တွင် တရုတ်တပ်မတော်၏ ပြင်ပစစ်ဘက် အပြန်အလှန်လည်ပတ်ရေးလှုပ်ရှားမှုများသည် သင်္ဘောများ အပြန်အလှန်လည်ပတ်မှုများ၊ နိုင်ငံတကာစစ်ဘက်ညီလာခံများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုခရီးစဉ်များအပါအဝင် နယ်ပယ်အသီးသီးတွင် သိသာထင်ရှားသောရလဒ်များ ထွက်ပေါ်လာခဲ့သည်။ အဆိုပါလှုပ်ရှားမှုများသည် တရုတ်တပ်မတော်၏ စစ်ဆင်ရေးစွမ်းရည်နှင့် ကမ္ဘာလုံးဆိုင်ရာလက်လှမ်းမီရောက်ရှိမှုကို အားကောင်းစေပြီး လူသားတို့အတွက် မျှဝေခံစားနိုင်သော အေးအတူပူအမျှအနာဂတ်နှင့်အတူ အသိုက်အဝန်းတစ်ခုတည်ဆောက်ရာတွင် အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ပေးခဲ့သည်။

တရုတ်ရေတပ်သင်္ဘောများသည် ပြည်ပသို့ အများအပြား သွားရောက်လည်ပတ်ခဲ့ကြသည်။ ဩဂုတ်လအစောပိုင်းတွင် (၄၆)ကြိမ်မြောက် တရုတ်ရေတပ်အစောင့်တပ်ဖွဲ့မှ ပဲ့ထိန်းဒုံးကျည်ဖျက်သင်္ဘော Jiaozuo (Hull 163)နှင့် ဘက်စုံထောက်ပံ့ရေးသင်္ဘော Honghu (Hull 906)တို့သည် အီဂျစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ဩဂုတ်လနှောင်းပိုင်းမှ ဒီဇင်ဘာလအစောပိုင်းထိ တရုတ်ရေတပ်၏ ပထမဆုံးရွက်လွှင့်လေ့ကျင့်ရေးသင်္ဘော Po Lang သည် ပင်လယ်ဝါ၊ အရှေ့တရုတ်ပင်လယ်၊ တောင်တရုတ်ပင်လယ်၊ နာတူနာပင်လယ်၊ ဂျာဗားပင်လယ်နှင့် ကပ္ပလီပင်လယ်အပါအဝင် ရေကြောင်းဧရိယာခြောက်ခုကို ဖြတ်သန်းသွားလာခဲ့သည်။

အချုပ်ဆိုရလျှင် တရုတ်တပ်မတော်သည် ခေတ်မီအင်အားတောင့်တင်းသည့် ကာကွယ်ရေးစွမ်းအားကို တည်ဆောက်လျက်ရှိသကဲ့သို့ တစ်ဖက်၌လည်း ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာတည်ငြိမ်ရေးနှင့် ထိန်းသိမ်းမှုကို အထောက်အပံ့ဖြစ်စေမည့် အစီအစဉ်များကိုလည်း တက်ကြွစွာလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။ နိုင်ငံစုံပါဝင်သည့် ဗဟိုမဏ္ဍိုင်စနစ်တည်ဆောက်ရာတွင် အရေးပါသည့် တပ်မတော်အချင်းချင်းယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ရေးကို တရုတ်နိုင်ငံက တစိုက်မတ်မတ် တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ သို့ဖြစ်၍ စစ်ဘက်ဆိုင်ရာ အပြန်အလှန်ခရီးစဉ်များသွားရောက်မှု၊ စစ်ဘက်ဖိုရမ်များကျင်းပမှုနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ပူးတွဲလေ့ကျင့်မှုတို့သည် တရုတ်တပ်မတော်၏ အောင်မြင်သည့် စစ်ဘက်ဆိုင်ရာသံခင်းတမန်ခင်းဖြစ်ပြီး အနာဂတ်တွင်လည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်နေမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရသည်။

**ကိုးကား**

- **China's military diplomacy in 2024 showcases three key features,China Military Online**

**နေရှား(သုတေသန)**

# နှစ်သစ်ကို လှပစွာကြိုဆို

လင်းလက်

နှစ်၊ လ၊ ရက်၊ နေ့ စသည်တို့ကို စနစ်တကျ မှတ်သားဖော်ပြထားသည့် ပြက္ခဒိန်စာရွက်များ တစ်ရွက်ပြီးတစ်ရွက် ကုန်ဆုံးသွားခဲ့သည်မှာ ၂၀၂၅ ခုနှစ်သို့ပင် ချင်းနင်းဝင်ရောက်လာတော့မည်ဖြစ်သည်။ လူမျိုး၊ ဘာသာ၊ ကိုးကွယ်ရာနှင့်ဓလေ့ထုံးတမ်းအစဉ်အလာတို့ ကွဲပြားခြားနားမှုများကြောင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဘာသာတစ်ခုနှင့်တစ်ခု နှစ်သစ်ကူးကာလချင်း မတူညီကြပေ။ မည်သို့ပင်ဆိုစေကာမူ နှစ်သစ်ကူးကာလနှင့်စပ်လျဉ်း၍ နှစ်ဟောင်းမှ တွေ့ကြုံခဲ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို သင်ခန်းစာယူပြီး နှစ်သစ်တွင် အားသစ်အင်သစ်ဖြင့် ဖြစ်ပေါ်လာမည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးနှင့် နှစ်ဟောင်းမှ မကောင်းသည့်အရာများ၊ အညစ်အကြေးများကို ပြက္ခဒိန်စာရွက်အဟောင်းများနှင့်အတူ ထားရစ်ခဲ့ပြီး နှစ်သစ်တွင် လူမှုပတ်ဝန်းကျင်နှင့် လူသားတို့အတွက်ကောင်းကျိုးဖြစ်စေမည့်အရာများကိုပြုလုပ်ကြစေရေး စသည့် နှစ်သစ်ကူးရည်မှန်းချက်များသည်ကား အတူတူပင်ဖြစ်သည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်သည့် မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများအရ နှစ်သစ်ကူးပွဲတော်များနှင့် ကောက်သစ်စားပွဲတော်များ ကျင်းပကြသည်။ ထိုပွဲတော်များမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာမှုတို့နှင့်အတူ မြန်မာတို့၏ ဖော်ရွေပျူငှာသောစိတ်နှလုံးသားအလှတို့ကို ဖော်ထုတ်ပြသကြသည်။ ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုကာ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သည့် ဇန်နဝါရီ ၁ ရက်တွင်ကျရောက်မည့် နိုင်ငံတကာနှစ်သစ်ကူးနေ့အခမ်းအနားကို မြန်မာနိုင်ငံတွင်လည်း စည်းကမ်းတကျ ကျင်းပသွားကြရဦးမည်ဖြစ်သည်။

**လှပစွာကြိုဆို**

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်ကြပြီး ဘာသာတရားအဆုံးအမများဖြင့် ကြီးပြင်းလာခဲ့ကြသော မြန်မာတို့သည် နိုင်ငံတကာနှစ်သစ်ကူးကာလများကို ကောင်းမှုကုသိုလ်များဖြင့်သာ ဖြတ်သန်းကြရမည်ဖြစ်သည်။ နိုင်ငံတကာနှစ်သစ်ကူးကာလကို မြန်မာနှစ်သစ်ကူးကာလကဲ့သို့ ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်း၊ အလှူဒါနပြုကြခြင်း၊ ဘုရားကျောင်းကန်စေတီပုထိုးများသို့ သွားရောက်ကာ အလှူအတန်းများပြုလုပ်ခြင်း၊ တရားဘာဝနာများပွားများကြခြင်း စသည့်လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးပြုစေသည့်အရာများကို ဆောင်ရွက်ခြင်း၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများနှင့် အခြားဘာသာရေးကျောင်းများတွင် နှစ်သစ်ကူးအလှူဒါနပြုမှုများမှအစပြု၍ ဆင်းရဲသူများသို့ ပေးကမ်းလှူဒါန်းခြင်းများထိ ကုသိုလ်ကောင်းမှုများပြုလုပ်၍ နိုင်ငံတကာနှစ်သစ်ကူးကာလကို လှပစွာကြိုဆိုကြရမည်ဖြစ်သည်။

ထိုကဲ့သို့သော ကောင်းမှုကုသိုလ်များဖြင့် ထုံမွမ်းကာ နှစ်သစ်ကိုကြိုဆိုနေကြသည့်အချိန်တွင် မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက မြတ်ဗုဒ္ဓဟောကြားသည့်မင်္ဂလာတရားတော်များနှင့်အညီ ရှင်သန်နေထိုင်သွားကြရန်လည်း ဆရာတော်သံဃာတော်များက လမ်းညွှန်ပြသဆိုဆုံးမကြပြန်သည်။ ဟီရိဩတ္တပ္ပဆိုသည့် မကောင်းမှုပြုလုပ်ရန် ရှက်ခြင်းနှင့် ကြောက်ခြင်းတရားများကို ထာဝရလက်ကိုင်ထားကြသည့် မြန်မာလူငယ်များသည်ကား နှစ်သစ်ကူးကာလတွင် ကာယကံ၊ ဝစီကံ၊ မနောကံဆိုသည့် ကံသုံးပါးစလုံးတွင် မကောင်းစိတ်များကိုပယ်ရှားပြီး ကောင်းမှုတရားများကိုသာ အစဉ်ပွားများကြရန်လိုသည်။ နှစ်ဟောင်းကာလအတွင်း ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားခဲ့ရသည့်ဒုစရိုက်တရားများကိုသင်ခန်းစာယူ၍ နှစ်သစ်ကာလကို သုစရိုက်တရားများဖြင့်သာ ဖြတ်သန်းသွားကြနိုင်ရေးကြိုးစားခြင်းဖြင့် နှစ်သစ်ကာလကို မြန်မာတို့က လှပစွာကြိုဆိုကြရမည်ဖြစ်သည်။

**ဓမ္မသည်သာ အားကိုးရာ**

"သုစရိုတ၊ ဓမ္မဟူသည်၊ လူတို့ပြည်ဝယ်၊ သက်ရှည်ချမ်းသာ၊ တေဇာကျော်ဟိုး၊ ဘုန်းတန်ခိုးကို၊ တက်တိုးစေတတ်၊ ဆေးမြတ်ဟုဆို၊ သမ္မမိုရ်တည့်" ဆိုသည့် လင်္ကာနှင့်အညီ မြန်မာတို့၏ စိတ်နှလုံးဘဝင်တွင် မကောင်းမှုဟူသမျှ မြူမှုန်မျှပင်မရှိလေဘဲ နှစ်သစ်ကို ဓမ္မဖြင့်ကြိုဆိုကာ မြန်မာလူမျိုးတို့ ဘုန်းတန်ခိုးတိုးတက်လာနိုင်ရေးအတွက် နှစ်စဉ်နှစ်သစ်ကူးကာလရောက်တိုင်း ဆရာတော်သံဃာတော်များက ဟောကြားဆုံးမသကဲ့သို့ ဘာသာရေးခေါင်းဆောင်များကလည်း ဘာသာတရားအလိုက် အဆုံးအမများနှင့်အညီ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြရန် ဆိုဆုံးမကြသည်။ ထိုအဆုံးအမများနှင့်အညီ ကိုယ်ဖြင့်ပြုအပ်သောကာယကံ၊ နှုတ်ဖြင့်ပြောဆိုအပ်သောဝစီကံ၊ စိတ်ဖြင့် ကြံစည်အပ်သောမနောကံ စသည့် ကံသုံးပါးတို့ကိုအခြေခံကာ ဖြစ်ပေါ်လာတတ်သော မကောင်းမှုအကုသလကမ္မပထတရား(၁၀)ပါး ဖြစ်သည့် "ပါဏာတိပါတ-အသက်သတ်ခြင်း၊ အဒိန္နာဒါန-ခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရ-ကာမဂုဏ်ဖောက်ပြန်ခြင်း၊ မုသာဝါဒ-လိမ်ညာပြောခြင်း၊ ပိသုဏဝါစာ-ကုန်းတိုက်ခြင်း၊ ဖရုသဝါစာ-ကြမ်းတမ်းသည့်စကားပြောဆိုခြင်း၊ သမ္ဖပ္ပလာပဝါစာ-အကျိုးမဲ့သိမ်ဖျင်းသည့်စကားကို ပြောဆိုခြင်း၊ အဘိဇ္ဈာ-မနာလိုခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ဗျာပါဒ-ပျက်စီးစေလိုခြင်း၊ မိစ္ဆာဒိဋ္ဌိ-အယူမှားခြင်း" တို့ကို နှစ်ဟောင်းနှင့်အတူ ထာဝရမြှုပ်နှံပစ်ကြရန် လိုအပ်သည်။

> ❖နိုင်ငံတကာနှစ်သစ်ကူးကာလကို မြန်မာနှစ်သစ်ကူးကာလကဲ့သို့ ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်း၊ အလှူဒါနပြုကြခြင်း၊ ဘုရားကျောင်းကန်စေတီပုထိုးများသို့သွားရောက်ကာ အလှူအတန်းများပြုလုပ်ခြင်း၊ တရားဘာဝနာများပွားများကြခြင်း စသည့်လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးပြုစေသည့်အရာများကို ဆောင်ရွက်ခြင်း၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများနှင့် အခြားဘာသာရေးကျောင်းများတွင် နှစ်သစ်ကူး အလှူဒါနပြုမှုများမှအစပြု၍ ဆင်းရဲသူများသို့ ပေးကမ်းလှူဒါန်းခြင်းများထိ ကုသိုလ်ကောင်းမှုများပြုလုပ်၍ နိုင်ငံတကာနှစ်သစ်ကူးကာလကို လှပစွာကြိုဆိုကြရမည်ဖြစ်သည်။ ❖

ကမ္ဘာကြီးအစဉ်ထာဝရငြိမ်းချမ်းသာယာလှပစေရေးအတွက် ဦးတည်ဆောင်ရွက်နေရသည့် ယနေ့ကာလတွင် လူသားတိုင်းက ဟီရိဩတ္တပ္ပတရားများနှင့်အတူ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတရားများ ကိန်းအောင်းနေကြရန်လည်း လိုအပ်သည်။ အတ္တစိတ်များကိုဖယ်ရှား၍ အမုန်းတရားများနှင့် ရန်ငြိုးများကို နှစ်ဟောင်းနှင့်အတူမြှုပ်နှံကာ မေတ္တာတရားများဖြင့် ၂၀၂၅ ခုနှစ်ကိုကြိုဆိုသွားကြရန်လိုအပ်သည်။ အကောင်းမြင်ဝါဒများ လွှမ်းမိုးထားပြီး လူသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု အပြန်အလှန်ဖေးမကူညီမှုတို့ဖြင့်သာ ရှေ့ဆက်သွားကြမည်ဆိုပါက ငြိမ်းချမ်းသာယာဝပြောသောလူ့ဘောင်ကို ဖန်တီးပုံဖော်နိုင်မည်မှာ အမှန်ပင်ဖြစ်သည်။

**လွမ်းလို့ကျန်ရစ် ၂၀၂၄ ခုနှစ်**

အတိတ်ကာလကို ပြန်မရနိုင်တော့သည့် အချိန်တစ်ခုပင်ဖြစ်သော်လည်း ၂၀၂၄ ခုနှစ်ဆိုသည့် ကာလတစ်လျှောက်လုံးတွင် ရင်ဆိုင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကိုသင်ခန်းစာယူ၍ ၂၀၂၅ ခုနှစ်ကို လှပအောင်ဖန်တီးကြရမည်မှာ မိမိတို့၏တာဝန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ ဥမကွဲသိုက်မပျက်ဖြတ်သန်းခဲ့သည့် တစ်နှစ်တာကာလအတွင်းတွင် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့်အရာများကို လုပ်ဆောင်နိုင်ခဲ့ကြသည်။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသည့် ဖြစ်စဉ်အားလုံးအတွက် အလွန်အရေးကြီးသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့သည်။

အစိုးရနှင့် ပြည်သူထာဝရလက်တွဲလျက် ရှေ့သို့ချီမည် ပန်းတိုင်ဆီဆိုသည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ဘက်စုံထောင့်စုံ အားသွန်ခွန်စိုက်ကြိုးပမ်းနိုင်ခဲ့ကြသည်။ စီးပွားရေးပိတ်ဆို့မှုများကြားမှ ရုန်းထွက်နိုင်ရေး ပြည်တွင်း MSME လုပ်ငန်းများကိုလည်း နိုင်ငံတကာအဆင့်မီစီးပွားရေးလုပ်ငန်းများဖြစ်လာအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ သည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များကြား မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ ငါးချက်ကို လက်ကိုင်ထား၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ဖြင့် နိုင်ငံတကာအလယ်တွင် နိုင်ငံရေးသမာသမတ်ကျမှုကို ပြသနိုင်ခဲ့သည်။ တိုင်းပြည်၏ရန်စွယ်မှန်သမျှကို လူငယ်ထုစွမ်းအားဖြင့် ချေမှုန်းတိုက်ဖျက်နိုင်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းတာဝန်များကို မျိုးဆက်သစ်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုလည်း အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားမဆုံးဖြစ်ခဲ့ရပြီး "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ထား၍ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ နှစ်သစ်ကူးကာလပျော်ပွဲရွှင်ပွဲများကျင်းပသကဲ့သို့ ကုသိုလ်ကောင်းမှုများပြုလုပ်ကြမည့် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာအဖြစ်ဆုံးဖြစ်ရပ်တစ်ခုမှာ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှ ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး၏ နှလုံးသည်းအိမ်ထဲတွင် ထာဝရစွဲထင်နေသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်က ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုအတွေ့အကြုံကောင်းများကိုအခြေခံကာ မြန်မာနိုင်ငံတွင် ကျင်းပနေသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်များနှင့် နှစ်သစ်ကူးပွဲတော်များကိုလည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများရရှိခဲ့ခြင်းဖြစ်သည်။

**ရင်ဆိုင်ကျော်လွှား**

ထိုကဲ့သို့ နိုင်ငံတော်ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ရန်စွယ်ကိုလည်း သတိထားတိုက်ဖျက်ခဲ့ရသည်။ ဘာသာတရားအဆုံးအမများနှင့် ဖြောင့်ဖြောင့်တန်းတန်းဆန့်ကျင်နေသည့် အကြမ်းဖက်လုပ်ရပ်များ နိုင်ငံအတွင်းဖြစ်ပေါ်စေရေးအတွက် သွေးထိုးလှုံ့ဆော်ပေးနေသည့် ပြည်ပနိုင်ငံများ၏ အိမ်ကြက်ချင်းအိုးမဲသုတ်လိုသည့် ဇာတ်လမ်းဖန်တီးမှုများကိုလည်း ပြည်တွင်းစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် တွန်းလှန်ထားနိုင်ခဲ့သည်။ အဖျက်လုပ်ငန်းတချို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း ကြုံတွေ့ခဲ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများကို စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကျော်လွှားနိုင်ခဲ့ကြပြီဖြစ်သည်။

ဒီမိုကရေစီအကြောင်းပြကာ ဒီမိုကရေစီနည်းလမ်းမကျသည့် နိုင်ငံတကာစွပ်စွဲပြစ်တင်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများ မည်မျှပင်ရှိခဲ့စေကာမူ ထိုအခက်အခဲများကို အစိုးရနှင့် ပြည်သူတို့ လက်တွဲကျော်လွှားနိုင်ခဲ့သည်ကိုလည်း ၂၀၂၄ ခုနှစ်ကာလအတွင်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြရပြီဖြစ်သည်။ အရင်းစစ် အမြစ်မြေက ဆိုသကဲ့သို့ပင် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း မြစ်ကြီးလေးစင်းတို့မှ စီးဆင်းနေသော ရေအလျဉ်ကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့် မေတ္တာတရားတို့ ထာဝစဉ်စီးဆင်းနေသည့်မြန်မာလူမျိုးတို့၏ မွန်မြတ်သောစိတ်ဓာတ်သည် အဖျက်လုပ်ငန်းဟူသမျှကို ရင်ဆိုင်ကျော်ဖြတ်ကာ ၂၀၂၄ ခုနှစ် နှစ်ဟောင်းကို ကောင်းမွန်စွာ နှုတ်ဆက်နိုင်ခဲ့ပြီဖြစ်သည်။

ဘဝဆိုသည်မှာ အချိန်၊ နာရီတို့ကို စနစ်တကျပေါင်းစုထားခြင်းသာဖြစ်သဖြင့် ဘဝအတွက်ပေးထားသောအချိန်များအနက်မှ ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလသည်ကား ကုန်ဆုံးသွားတော့မည်ဖြစ်ပေသည်။ အကောင်းအဆိုးဒွန်တွဲနေသော လူ့လောကတွင် မိမိပြုခဲ့ပြီးသောအရာတို့ကိုပြန်လည်ဆင်ခြင်သုံးသပ်ပြီး ၂၀၂၅ ခုနှစ်တွင် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ပေးဆပ်နိုင်သမျှပေးဆပ်၍ နှစ်သစ်ကိုလှပစွာကြိုဆိုနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **၁-၁-၂၀၂၄ ရက်နေ့ထုတ်သတင်းစာများပါ နှစ်သစ်ကူးမိန့်ခွန်းများ၊ ဆုတောင်းစကားများ။**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၈၂၇၉ ဧက ရိတ်သိမ်းပြီးစီး



**ခန္တီး ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၈၂၇၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၂၇၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စပါး ၆၇ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ စပါး ၈၂၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ ရိတ်သိမ်းနိုင်ဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ် " ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ခန္တီးမြို့နယ်တွင် စပါးစိုက်တောင်သူများကိုသက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် စပါးနှင့် အခြားသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဇီးကုန်း ဒီဇင်ဘာ ၃၀**


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် သစ်ဖြူကွင်းကျေးရွာနှင့် ကရင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သစ်ဖြူကွင်းကျေးရွာနှင့် ကရင်ကုန်းကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇီးကုန်းမြို့နယ် သစ်ဖြူကွင်းကျေးရွာနှင့် ကရင်ကုန်းကျေးရွာတို့၌ လမ်းအရှည် ပေ ၈၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် VDP ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၆ သန်း စုစုပေါင်း ငွေကျပ် ၃၃ ဒသမ ၅၂၄၄၆ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို










## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်နေ မစိန်ပွင့် (ခ) လီတာဒေဝီ (ဘ) ဦးကူမာနန္ဒ(၉/မကန(နိုင်)၁၅၇၃၆၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၆၁၆၄၂၅

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်နေ မောင်အင်န္ဒရာမနီ (ခ) မောင်လှ (ဘ)ဦးထာကူပရာဆပ်(၉/မကန(နိုင်)၁၂၁၄၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၆၁၆၄၂၅










# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်

စာမျက်နှာ- ၁၉

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

စာမျက်နှာ- ၈

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ (၃၀-၁၂-၂၀၂၄)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဟားခါး | ၂ ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၇ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၈ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၈ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၈ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၁၀ ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျော်ဘွယ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ်သုည ဒသမ ၂၅၂ တန်၊အခြားသစ် ၅ ဒသမ ၂၄၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆၃၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား စာမျက်နှာ ၂၂ ကော်လံ ၁ ☆




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar